# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 17 February 2026 ၁၂၀၉၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းများသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

## ယခုစီမံကိန်းမှတစ်ဆင့် ဒေသ၏လူမှုအကျိုးစီးပွားကို များစွာအထောက်အကူပြုနိုင်သဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအား ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိုးရာသီမရောက်ရှိခင်ကာလအတွင်း လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ဓာတ်အားဖြန့်ခွဲမည့်အစီအမံများကို ကြိုတင်ရေးဆွဲထားရှိရန်၊ ရာသီဥတုဆိုးရွားသည့် နေရာဖြစ်သဖြင့် အခြေခံ Foundation များအား မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ယခုစီမံကိန်းမှတစ်ဆင့် ဒေသ၏လူမှုအကျိုးစီးပွားကို များစွာအထောက်အကူပြုနိုင်သဖြင့် စီမံကိန်းအား စနစ်တကျဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည် စာမျက်နှာ ၂

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကျင်းပ စာမျက်နှာ ၉

အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းမှသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆီသို့... ဆောင်းပါး စာမျက်နှာ ၁၀

ကြေးမုံ

# ပြည်တွင်းရေးစွက်ဖက်မှုကိုလက်မခံ အာဆီယံအခြေခံမူလေးစားလိုက်နာ

လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သည့်နိုင်ငံနှစ်နိုင်ငံကို တွေ့ရမည်ဖြစ်သည်။ အလွန်ဝေးလံသည့် အာဖရိကတိုက်မှ နိုင်ငံငယ်လေးတစ်နိုင်ငံနှင့် မကြာသေးမီကာလက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာရေးအတွက် လျှောက်ထားမှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်ခြင်းမပြုတော့ဘဲ အာဆီယံတူညီဆန္ဒဖြင့် ဆောင်ရွက်ပေးခဲ့သော အရှေ့တောင်အာရှဒေသတွင်းမှ တီမောလက်စ်တေ နိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်သည်။

တီမောလက်စ်တေအစိုးရအနေဖြင့် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူအပါအဝင် အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကိစ္စအပေါ် မြန်မာနိုင်ငံက မိမိ၏မူလရပ်တည်ချက်ကို ပြန်လည်သုံးသပ်ပြီးနောက် အာဆီယံ၏တူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် တီမောလက်စ်တေသည် ၎င်း၏ ပြုခဲ့သည့်ကတိကဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တီမောလက်စ်တေသမ္မတက မြန်မာ့တပ်မတော် အရာရှိကြီးအချို့အပေါ် တရားစွဲဆိုခဲ့သည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ ကိုယ်စားလှယ်ဆိုသူများအား ဇန်နဝါရီ ၁၄ ရက်တွင် လက်ခံတွေ့ဆုံခဲ့သည်။

မကြာသေးမီကမှ အာဆီယံအဖွဲ့ဝင်ဖြစ်လာသည့်နိုင်ငံ၏ အကြီးအကဲတစ်ဦးက အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် အဆိုပါအပြုအမူသည် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တို့တွင် ဖော်ပြပါရှိသည့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံအား ဇန်နဝါရီ ၁၆ ရက်တွင်ဆင့်ခေါ်၍ အဆိုပါအပြုအမူကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသိပေးခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လေးစားလိုက်နာရန်နှင့် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပြန်လည်ပေးပို့ရန် တောင်းဆိုခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့ ဇန်နဝါရီ ၂၉ ရက်က တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအသိပေးခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုယိုယွင်းသွားစေနိုင်သည့် အရေးကိစ္စများအား ရှောင်ရှားနိုင်ရေးအတွက် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပေးပို့ရန် ထပ်မံတောင်းဆိုခဲ့ရာ တီမောလက်စ်တေဝန်ကြီးက ဖြေရှင်းချက်ကို တစ်ပတ်အတွင်းပေးပို့မည်ဟု ကတိပြုခဲ့သည်။ ဖြေရှင်းချက်ကို စောင့်ဆိုင်းနေစဉ်ကာလအတွင်း တီမောလက်စ်တေအစိုးရသည် ချင်းလူ့အခွင့်အရေးအဖွဲ့၏ တရားစွဲဆိုမှုကိုလက်ခံ၍ အမှုကိုလေ့လာကြည့်ရှုရန် ဝါရင့်ရှေ့နေတစ်ဦးကို ခန့်အပ်တာဝန်ပေးခဲ့ကြောင်းသတင်းကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။

တရားစွဲဆိုမှုကိုလက်ခံသည့် အလားတူဖြစ်စဉ်မျိုး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယခင်ကမရှိခဲ့ဖူးသဖြင့် အစဉ်အလာနှင့် အပြုသဘောမဆောင်သည့်ဘက်မှ အဓိပ္ပာယ်ကောက်ယူမှုများကို ဖြစ်ပေါ်စေခဲ့သည့်အပြင် မြန်မာပြည်သူများ၏ နာကြည်းခံပြင်းမှုကိုလည်း ပိုမိုမြင့်တက်စေခဲ့သဖြင့် နောက်ဆုံးတွင် အကျိုးဆက်အဖြစ် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ လက်ရှိ နှစ်နိုင်ငံဆက်ဆံရေးအပေါ် မလိုလားအပ်သည့် တန်ပြန်ဆိုးကျိုးများကို သက်ရောက်စေခဲ့သည်။

မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရတို့အကြား ဆက်ဆံရေးကောင်းမွန်မှုရှိသော်လည်း တီမောလက်စ်တေသမ္မတသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မကြာခဏ ဝင်ရောက်စွက်ဖက်နေသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ကုန်မြို့ရှိ တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံအား ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆင့်ခေါ်၍ ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ ဖေဖော်ဝါရီ ၂၀ ရက်မတိုင်မီ မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာရန် ညွှန်ကြားခဲ့ပြီး အကယ်၍ တီမောလက်စ်တေအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားများ ပြောင်းလဲခြင်းမရှိသေးပါက ပိုမိုပြင်းထန်သည့်အစီအမံများ ထပ်မံချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများအကြား တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အချုပ်အခြာအာဏာလေးစားရေးနှင့် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါ အခြေခံမူများကို လေးစားလိုက်နာရေး စသည့် မူဝါဒများအပေါ်တွင် အခြေပြု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းလျက်ရှိပါကြောင်း။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ ပွဲတော်ကွင်းအတွင်း၌ ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ (ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ) ၇ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ပွဲတော်လာပြည်သူများ အခမဲ့ကြည့်ရှုနိုင်ရန်အတွက် အောက်ပါအတိုင်း ဖျော်ဖြေပွဲများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

(က) ၂၄-၂-၂၀၂၆ မှ ၂၆-၂-၂၀၂၆ ထိ
(ပွဲဦးသစ်ဇာတ်သဘင်ဖျော်ဖြေမှု)
(ခ) ၂၇-၂-၂၀၂၆ မှ ၂၈-၂-၂၀၂၆ ထိ
(တေးပဒေသာ တေးဂီတဖျော်ဖြေမှု)
(ဂ) ၁-၃-၂၀၂၆ မှ ၂-၃-၂၀၂၆ ထိ
(ရွှေပြည့်လျှံ ဇာတ်သဘင်ဖျော်ဖြေမှု)

အထက်ပါဖျော်ဖြေပွဲများအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ၊ ကလေးကစားကွင်းများနှင့် ဈေးဆိုင်ခန်းများ စုံစုံလင်လင်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ကြေးမုံ

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဖေဖော်ဝါရီ ၁၈ ရက်၌ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ၁၆ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးကြိုးစားအားထုတ်မှုရှိစေရေး အားပေးစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဟွေထိုက်ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ပုံစံငယ်နှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဟွေထိုက် ရေအား လျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဟွေထိုက်ချောင်းပေါ်တွင် ၂၀၂၃ ခုနှစ်မှ စတင်၍ တည်ဆောက်နေခြင်းဖြစ်ပြီး ၄ မဂ္ဂါဝပ်တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ် နာရီသန်းကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက လဟယ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၁၇၁၈ စုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းသို့ ရောက်ရှိပြီး နာဂတောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုမနအားဖူးမြော်ကြည်ညိုကာ စုပေါင်းနဝကမ္မ အလှူတော်ငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆရာတော်အား သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆရာတော်၏ မိန့်ကြားမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လဟယ်မြို့ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးကြိုးစားအားထုတ်မှုရှိစေရေး အားပေးစကားပြောကြားသည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှသည် ကော်မရှင်အတွင်းရေးမှူး၏ဇနီး၊ အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းသို့ သွားရောက်၍ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် သီလရှင်ဆရာကြီးများ၏ မိန့်ကြားမှုများအပေါ်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂတောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုမနထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းရှိ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။






နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစုတစည်းတည်း လျှောက်လှမ်းရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့နှင့် လေရှီးမြို့တို့သို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လဟယ်မြို့နှင့်လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးတင်ပြ**

ဦးစွာ လဟယ်မြို့နှင့် လေရှီးမြို့တို့မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် လေရှီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှု၊ နာဂဒေသအတွင်း မြေအသုံးချမှုနှင့် ပျမ်းမျှမိုးရေရရှိမှု၊ ကဏ္ဍကြီးများအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့မှု၊ ရာသီအလိုက် သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)ဖြင့် ရိုးရာအထည်များနှင့် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နာဂဒေသအဆင့်နှင့် သင့်လျော်သည့် ဌာနဆိုင်ရာအဖွဲ့များအား လိုအပ်သလိုတိုးမြှင့်ဖွဲ့စည်းပေးစေလိုမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ဖွဲ့စည်းပေးစေလိုမှု၊ တယ်လီဖုန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များ၊ လေရှီးမြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး မတူဂီ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်ရုံအတွက် ရေလုံလောက်စွာရရှိရေး အဆင့်မြင့် ရေလှောင်ကန်နှင့် အဆင့်မြင့် စက်ပစ္စည်းများ ဖြည့်ဆည်းတည်ဆောက်ပေးစေလိုမှု၊ နာဂဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံများအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ချင်းတွင်းတံတား(ထမံသီ)အား ဖွင့်လှစ်ပေးမှုအတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိမှု၊ ထမံသီ-လေရှီး-ဆွမ္မရာ လမ်းကြောင်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နာဂရိုးရာ ခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများ ဂါရဝပြုဆင်မြန်းပေးအပ်စဉ်။

**တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက်တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လဟယ်ဒေသအတွင်း ဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး

**စာမျက်နှာ ၅ သို့ »»**

»»» စာမျက်နှာ ၄ မှ

တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက် ပေးလျက်ရှိမှုနှင့် ဆက်လက်၍ ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)၌ နာဂဒေသမှ ကျောင်းသားကျောင်းသူများအား အထူးကိစ္စတစ်ရပ်အနေဖြင့် သင်ကြားခွင့်ပြုပေးထားမှု၊ ဒေသစိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်စေရေးအတွက် ကုန်းမြင့်လယ်ယာများ တတ်နိုင်သမျှဖော်ထုတ်ပေးလျက်ရှိမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာနိုင်မှု၊ ဒေသန္တရ မွေးမြူရေး လုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဘက်စုံသုံးခန်းမအား မြေနေရာအပေါ်မူတည်၍ ဆောက်လုပ်နိုင်ရေး တင်ပြဆောင်ရွက်သွားမည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရိုးရာယဉ်ကျေးမှုကွင်း တည်ဆောက်ရေးနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လဟယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်း ဆက်သွယ်မှုများ ကောင်းမွန်စေရေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ ဌာနဆိုင်ရာများ တိုးချဲ့ဖွဲ့စည်းလိုမှုနှင့် ပတ်သက်၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လဟယ်မြို့တွင် ရိုးရာပွဲတော် ကျင်းပပြုလုပ်ရန်အတွက် ပွဲတော်ကွင်းနှင့် ဘက်စုံသုံးခန်းမတည်ဆောက်ရန် အတွက် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ပြည်မအတွင်းသို့ ဆက်သွယ်သည့်လမ်းများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေစေရေးအတွက် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)ကို ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နာဂဒေသသည် သွားလာရန် ခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်စေလျက်ရှိကြောင်း၊ အလားတူ လဟယ်ဒေသနှင့် နန်းယွန်းဒေသသို့ ဆက်သွယ်သည့် လမ်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်မသို့ ဆက်သွယ်သည့်လမ်းများအဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပစ္စည်းများ သယ်ယူပို့ဆောင်ရန် အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့စေရေး မိမိတို့အနေဖြင့် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လဟယ်မြို့နယ် ဆေးရုံအတွက် ဆရာဝန်လိုအပ်ချက်နှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်မှ စတင်၍ နာဂဒေသအတွက် ဆရာဝန်လိုအပ်ချက်များရှိခြင်းကြောင့် တပ်မတော်အထူးကုဆရာဝန်များကို စေလွှတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါက မိမိတို့အနေဖြင့် ထပ်မံစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်သဖြင့် ဆရာဝန်များ ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက် လိုအပ်သည့် ကုသရေးဆိုင်ရာ ပစ္စည်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စာသင်ကျောင်းများအတွက် ဆရာ ဆရာမများ လိုအပ်မှုနှင့် ပတ်သက်၍ အလယ်တန်းပြဆရာ ဆရာမများ ပိုမိုလိုအပ်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း ပညာရေးနှင့်ပတ်သက်၍ ပညာတတ်များ ပေါ်ကြွယ်ဝစေရေး ပညာရေးကို အားပေးဆောင်ရွက်သွားကြစေလိုကြောင်း၊ စာရင်းဇယားများအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာစကားအရ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် လူကြီးမိဘများ၊ တာဝန်ရှိသူများ အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့်မြန်မာစကားကို ကလေးငယ်များ တတ်ကျွမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ပညာသင်ကြားမှုကို အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အချို့ကျောင်းနေအရွယ် ကလေးငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားရန် ပျက်ကွက်နေကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် **ကျောင်းနေအရွယ် ကလေးငယ်များအားလုံးအတန်းပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်း။**

နာဂဒေသတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများအား ပညာတတ် လူသားအရင်းအမြစ်များအဖြစ် ဆောင်ရွက်ပြီး ၎င်းတို့၏ အနာဂတ်ဘဝ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပြီးစီးပါက ဟုမ္မလင်းမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသို့ တက်ရောက်ပြီး ဒီပလိုမာဘွဲ့များ ရရှိအောင် ဆက်လက်သင်ကြားနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေကြသည့် ကျောင်းသားကျောင်းသူများအားလုံး ပညာပြီးဆုံးအောင် သင်ကြားနိုင်ရေး နိုင်ငံတော်မှလည်း တတ်နိုင်သမျှ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

လေရှီးဒေသနှင့် လဟယ်ဒေသတွင် ဝမ်းစာဖူလုံမှုမရှိသည်ကို တွေ့ရကြောင်း၊ ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ကုန်းမြင့်လယ်များကို မဖြစ်မနေ ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေများရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လဟယ်ဒေသတွင် ဝဥ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်ဟု သိရှိရကြောင်း၊ ဝဥမှ ဝဥဆန် ထုတ်လုပ်၍ရသဖြင့် ဝဥစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အလားတူ ပြောင်းနှင့် အာလူးများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် လက်ဖက်၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် ထောပတ်ပင်များသည် နှစ်ရှည်သီးနှံများဖြစ်ပြီး ဒေသအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ စားရေးကို အထောက်အကူပြုစေမည့် နွားနောက်၊ ဒေသန္တရကြက်နှင့်ဝက်များကိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်သွားကြမည်ဆိုပါက ဒေသဝမ်းစာအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၆ သို့ »»»




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေရှီးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ **နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး မကြာမီက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့**

☆ **ရွေးချယ်ခံအစိုးရအနေဖြင့် ငါးနှစ်လျှင်တစ်ကြိမ် အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေရမည်၊ တပ်မတော်အနေဖြင့်လည်း မည်သည့်အစိုးရတက်လာသည်ဖြစ်စေ နိုင်ငံတော်၏အကျိုးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးသန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့က ချင်းတွင်းတံတား(ထမံသီ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ချင်းတွင်း မြစ်ကူးတံတား (ထမံသီ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီးရှိ အဆိုပါ တံတားနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အတူဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည်

**စာမျက်နှာ ၇ သို့ ●**

---

»» **စာမျက်နှာ ၅ မှ**

ဒေသအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် ဒေသ၏ဝင်ငွေကို တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် ဝါးနှင့် ကြိမ်များကို ဒေသပြင်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းထက် ဒေသတွင်း၌ပင် ထုတ်လုပ်နိုင်သည့် ဝါးပျော့ဖတ်လုပ်ငန်းနှင့် ကြိမ်အချောထည် လုပ်ငန်းများကို ဆောင်ရွက်၍ ရောင်းချနိုင်ပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ပညာတတ် လူသားအရင်းအမြစ်များ ပေါများကြွယ်ဝလာခြင်းအားဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ဒေသအတွက်သော်လည်းကောင်း အနာဂတ်ကို ကောင်းမွန် တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။**

**ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အားလုံးက တစုတစည်းတည်း လျှောက်လှမ်းရန်လို**

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး မကြာမီက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးချယ်ခံအစိုးရအနေဖြင့် ၅ နှစ်လျှင် တစ်ကြိမ် အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ နိုင်ငံတော်၏အကျိုးကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် **ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

- ☆ **မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများက အမှန်တကယ် ဆောင်ရွက်သွားကြရန်လို**
- ☆ **မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကိုသောက်ကြသူများဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြစေလို**
- ☆ **ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးကတစုတစည်းတည်း လျှောက်လှမ်းရန် လိုအပ်သဖြင့် ပြည်ထောင်စု စိတ်ဓာတ်မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်**

မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသတွင်နေထိုင်သူများက အမှန်တကယ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကိုသောက်ကြသူများဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ **ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အားလုံးက တစုတစည်းတည်း လျှောက်လှမ်းရန်** လိုအပ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင် ဥက္ကဋ္ဌက လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံ နာဂရိုးရာခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများအား ဂါရဝပြု ဆင်မြန်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားများသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

● စာမျက်နှာ ၆ မှ
အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ချင်းတွင်းတံတား(ထမံသီ) အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးသန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ချင်းတွင်းတံတား (ထမံသီ) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား(ထမံသီ) ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား (ထမံသီ)ပေါ်တွင် ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် တံတားဖွင့်ပွဲသို့ လာရောက် အားပေးလျက်ရှိကြသည့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လူမှုစီးပွားအခြေအနေများအား မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**အထောက်အကူဖြစ်စေမည်**

အဆိုပါ ချင်းတွင်းတံတား (ထမံသီ)အနေဖြင့် တံတားအရှည် ၂၆၂၈ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ ရှိကြောင်း၊ ယခုကဲ့သို့ ချင်းတွင်းတံတား (ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များအား လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား (ထမံသီ)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ချင်းတွင်းတံတား(ထမံသီ)ကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ



**[၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) တနင်္လာနေ့]**

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ယနေ့အစည်းအဝေးသည် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကြီး ဖြစ်ပါသည်ဘုရား။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပထမအကြိမ်မှ တတိယအကြိမ်အထိ သက်တမ်းမှာ ငါးနှစ်သက်တမ်းရှိခဲ့ပြီး ၁၅ နှစ်ကြာရှည်ခဲ့ပါသည်ဘုရား။ စတုတ္ထအကြိမ်မှ အဋ္ဌမအကြိမ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏သက်တမ်းမှာခြောက်နှစ်သက်တမ်းသို့ ပြောင်းလဲခဲ့ရာ ခြောက်နှစ်သက်တမ်း ငါးကြိမ်ရှိခဲ့ရာ နှစ်ပေါင်း ၃၀ ကြာညောင်းခဲ့ပါသည် ဘုရား။ ထိုသက်တမ်းနှစ်ကြိမ်ပေါင်းခဲ့သော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး စတင်ဖွဲ့စည်း၍ သာသနာတော်အရေးကိစ္စတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၄၅ နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ၄၇ ပါးစုံညီ အစည်းအဝေးများကို ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပထမအစည်းအဝေး၊ ဒုတိယအစည်းအဝေးစသည်ဖြင့် ကျင်းပခဲ့ကြရာ ဧကူနဝီသတိမ အစည်းအဝေးထိ အစည်းအဝေးပေါင်း ၁၉ ကြိမ် ကျင်းပခဲ့ပါသည်ဘုရား။ ဧကူနဝီသတိမ အစည်းအဝေးအပြီးတွင် ဒုတိယအကြိမ်သို့ ကူးပြောင်း၍ ဒုတိယအကြိမ်တွင်လည်း ပထမအစည်းအဝေးမှ ဧကူနဝီသတိမ အစည်းအဝေးထိ လေးလပတ်တိုင်း ကျင်းပ၍ ယခုအချိန်ထိဆိုပါမူ နဝမအကြိမ်၏ စတုတ္ထ အစည်းအဝေးတိုင် အစဉ်အဆက်ကျင်းပခဲ့ပြီးဖြစ်ပါသည်ဘုရား။ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးကျင်းပပြီးခဲ့ချိန်တွင် နဝမအကြိမ်သို့ ကူးပြောင်း၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပထမအစည်းအဝေးကို ကျင်းပခဲ့ပြီး ယခုအစည်းအဝေးမှာ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထလေးလပတ်အဖြစ် ကျင်းပသော အစည်းအဝေးဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ရှေးရှေး ဒီဃဒဿီ သံဃပိတု သံဃဝုဍ္ဍဿျောင်မထေရ်မြတ်ကြီးတို့က ဒီဃဒဿီဂုဏ်၊ ရတ္တညူဂုဏ်တို့ ပြည့်ဝစွာ မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာတော်များနှင့်အညီ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာစသော စည်းမျဉ်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းခဲ့၍သာ ဤမျှကာလရှည်ကြာစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအပါအဝင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အနေဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့၊ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်ဘုရား။ လက်ရှိနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အနေဖြင့်လည်း ရှေးရှေးအာစရိယ၊ အာစရိယပရမ္ပရ ဆရာမထေရ်တို့၏ အာဘော်ကို လက်သင့်ခံယူဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နောက်နောက် သိဿာနုသိဿ အနာဂတ သံဃာ့ဝန်ဆောင်တို့အတွက်လည်း အာစရိယဟတ္ထမုဋ္ဌိ ကျန်စေရစေရန် သာသနာတော်အရေးကိစ္စများကို စံပြအဖြစ် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ဗုဒ္ဓမြတ်စွာသည် အဇပါလညောင်ပင်ရင်းတွင် သီတင်းသုံးစဉ် "ငါဘုရားရှင် သိမြင်တော်မူအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားသည်ကား နက်နဲ၏။ သိမ်မွေ့၏။ ပညာရှိတို့သာ သိမြင်နိုင်သောတရားဖြစ်၏။ ဤသတ္တလောက သတ္တဝါတို့ကား လောကီအာရုံတို့၌သာ မွေ့လျော်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်မည်မဟုတ်၊ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ၊ ဥပဓိအားလုံးတို့ကို ကပ်ငြိခြင်းကင်းရာ၊ တပ်မက်မှုကုန်ခန်းရာ နိဗ္ဗာန်ကို ပို၍ပင် သိမြင်နိုင်မည်မဟုတ်။ ငါသိခဲ့သော ထိုတရားတို့ကို ဟောပါက သိနိုင်ကြလိမ့်မည်မဟုတ်။ ငါတရားဟောခြင်းသည် ပင်ပန်းရုံသာရှိလိမ့်မည်" ဟု ဆင်ခြင်တော်မူပါသည်ဘုရား။ ထိုသို့ ဆင်ခြင်တော်မူ၍ တရားဟောတော်မူခြင်း၌ စိတ်အားတော် ထက်သန်ခြင်းမရှိ၊ စိတ်ကိုင်းညွတ်မှု မရှိကြောင်း ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား –**

ထိုအခြေအနေတွင် သဟမ္ပတိဗြဟ္မာမင်းက သုံးကြိမ်တိုင်အောင် တရားဟောရန် ဘုရားရှင်ကို တောင်းပန်လျှောက်ထားခဲ့ပါသည် ဘုရား။ ထိုသို့ တောင်းပန်လျှောက်ထားသည့်အတွက် ဘုရားရှင်သည် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူခဲ့ပါသည်ဘုရား။ ဗုဒ္ဓစက္ခုဖြင့် ရှုတော်မူသောအခါ အပ္ပရဇက္ခ– ကိလေသာမြူပါးလျသူ၊ မဟာ ရဇက္ခ– ကိလေသာ မြူထူထပ်သူ၊ တိက္ခိန္ဒြိယ– ဣန္ဒြေရင့်သူ၊ မုဒိန္ဒြိယ–ဣန္ဒြေနုသူ၊ သွာကာရ– ဒွါကာရ အချင်းအရာ ကောင်းသူ၊ မကောင်းသူ၊ သုဝိညာပယ– ဒုဝိညာပယ– သိလွယ်သူ၊ မသိလွယ်သူ၊ ပရလောက ဝဇ္ဇဘယဒဿာဝီ– န ပရလောက ဝဇ္ဇဘယ ဒဿာဝီ၊ နောက်ဘဝသစ် ထပ်မံရရှိမှုကို အပြစ်ဘေးဟု ရှုလေ့ရှိသူ၊ ရှုလေ့မရှိသူ ဟူသော သတ္တဝါအမျိုးမျိုးကို မြင်တော်မူကြောင်း ပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ဘုရားရှင်တော် မြင်တော်မူသော သတ္တဝါတို့ကို ကြာမျိုး သုံးပါးကို သုံးမျိုး သုံးစား ဥပမာပေး၍ ခွဲခြားရာတွင် ပထမအမျိုးအစားအနေဖြင့် ဥပ္ပလ၊ ပဒုမ၊ ပုဏ္ဍရိက ဟူသော ကြာတို့သည် ဥဒကေဇာတ–ရေ၌ပေါက်ရောက်၊ ဥဒကေသံဝဍ္ဎ–ရေ၌ကြီးထွား၊ ဥဒကေအနုဂ္ဂတ– အန္တောနိ မုဂ္ဂပေါသီ ရေပြင်ညီ ရေမျက်နှာပြင်သို့ တက်ရောက်ခြင်းမရှိ၊ ရေအောက်၌သာ ငုပ်ဝင်ရှင်သန်သော ကြာမျိုးလည်းရှိပါသည်။ ဤကြာမျိုးနှင့်တူသော သတ္တဝါတို့သည် ဘုရားရှင် ဟောကြားသော တရားကိုမသိနိုင်။ ဒုတိယအမျိုးအစားအနေဖြင့် ဥဒကေဇာတ– ရေ၌ပေါက်ရောက်၊ ဥဒကေသံဝဍ္ဎ–ရေ၌ကြီးထွား၊ ဥဒကေန သမောဒကဋ္ဌိတ–ရေမျက်နှာပြင်နှင့်အညီသာ ရှင်သန်နိုင်သော ကြာမျိုးလည်း ရှိပါသည်။ ဤကြာမျိုးနှင့်တူသော သတ္တဝါတို့သည် အထိုက်အလျောက် နားလည်နိုင်ကြသည်။ တတိယအမျိုးအစားအနေဖြင့် ဥဒကေဇာတ–ရေ၌ပေါက်ရောက်၊ ဥဒကေသံဝဍ္ဎ–ရေ၌ကြီးထွား၊ ဥဒကေအစ္စုဂ္ဂမ္မဋ္ဌိတ–ရေမျက်နှာပြင် အထက်သို့တက်၍ ရပ်တည်၊ အနုပလိတ္တ–ရေဖြင့် မလိမ်းကျံ၊ ရေမှလွတ်ကင်းသော ကြာမျိုးလည်းရှိပါသည်။ ထိုကြာမျိုးနှင့်တူသော သတ္တဝါတို့သည် ဘုရားရှင် တရားတော်ကို လွယ်ကူစွာ သိနိုင်ကြသည်။ ဤသို့ မြတ်စွာဘုရားရှင်သည် ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူချိန်တွင် ကြာဥပမာရှိသော သတ္တဝါတို့ကို မြင်တော်မူကြောင်း ပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား–**

တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် (၇) ချက်ကို ပြဋ္ဌာန်းထားပါသည်ဘုရား။ (က)သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်ဖြစ်သည်။ (ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန် ဖြစ်သည်။ (ဂ)ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည် စသည်ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်ဘုရား။ ရည်ရွယ်ချက်(ဂ)ကို ပြဋ္ဌာန်းခဲ့ကြသော အာစရိယာစရိယ ရှေးဆရာတော်ကြီးတို့၏ ဉာဏ်ပညာအမြော်အမြင်နှင့် ငဲ့ညှာစောင့်ရှောက်သော ကရုဏာအားအစွမ်းတို့ကို ယခုတပည့်တော်တို့ သိသာစွာ ခံစားနေရသည်ဟု လျှောက်ထားလိုပါသည်ဘုရား။ အဘယ်ကြောင့်ဆိုသော် ယနေ့မျက်မှောက်ခေတ်ကာလတွင် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးခြင်း မရှိသော အခြေအနေများ၊ ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများအပြင် ခေတ်ကာလအရ လူမှုကွန်ရက်များတွင် သမဏသာရုပ္ပမဖြစ်သည့် ဆောင်ရွက်ချက်များ ပြုမူဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပါသည်ဘုရား။ ထိုသို့သော ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းသိမ်းပြီး တားဆီးကာကွယ်ကြမှသာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်သည်ဟု ခေါ်ဆိုရမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဟူသော သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ကြရာတွင် ပထမအကြိမ်မှ နဝမအကြိမ်တိုင်အောင်၊ နဝမအကြိမ်၏ ပထမအစည်းအဝေးမှ ယခုလေးလပတ် စတုတ္ထအစည်းအဝေးတိုင်အောင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ကြရာတွင် ပထမကြာဥပမာနှင့်တူသော ရှင်းလင်းညွှန်ကြားဆုံးမဩဝါဒပေး လုပ်ထုံးများနှင့်အညီ ပြုပြင်၍မရသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ ဒုတိယကြာဥပမာနှင့်တူသော အထိုက်အလျောက် ဆုံးမပြုပြင်၍ရသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ တတိယကြာ ဥပမာနှင့်တူသော အရိပ်ပြအကောင်ထင်ဆိုသကဲ့သို့ ဆိုဆုံးမရလွယ်ကူသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ မည်သို့သော ပုဂ္ဂိုလ်များနှင့် ကြုံတွေ့ရသည်ဖြစ်စေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားလေးပါး လက်ကိုင်ထား၍ ဆောင်ရွက်ကြရန် လွန်စွာအရေးကြီးလှပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

"နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယျ စ ပဂ္ဂဟံ။ သုသုခေနေဝ ဇောတေယျုံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ– မြတ်ဗုဒ္ဓ၏

စာမျက်နှာ ၉ သို့ ❍

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ-၈ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီ ကဉ္စနာဘိဝံသက တင်သွင်းလျှောက်ထား၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇောတိပါလာလင်္ကာရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောပါကက လည်းကောင်း တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးပထမနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **စာမျက်နှာ ၈ မှ**

သာသနာတော်မြတ်ကြီးကို ကိုယ်စိတ်မညှိုးနွမ်းဘဲ ချမ်းချမ်းသာသာဖြင့် ထွန်းလင်းစေရန် နှိပ်ကွပ်ဆုံးမထိုက်သူတို့ကို နှိပ်ကွပ်ဆုံးမခြင်း၊ ချီးမြှောက်သင့်သူတို့ကို ချီးမြှောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ရှေးရှေးဆရာတော်တို့ မိန့်ဆိုခဲ့ကြပါသည်ဘုရား။ နိဂ္ဂဟပဂ္ဂဟပြုကြရာ၌ တပည့်တော်တို့၏ စိတ်သန္တာန်၌ ဖြဟ္မဝိဟာရတရားများဖြင့် ထိန်းကွပ်ထားခြင်း မရှိဘဲဆောင်ရွက်ပါလျှင် လောဘဒေါသ ပဋိဃတရားတို့ တိုးပွားလာနိုင်ပါသည်ဘုရား။ သို့ဖြစ်ရာ နှိပ်ကွပ်ဆုံးမသင့်သူတို့ကို ကရုဏာမေတ္တာတရားများလက်ကိုင်ထား၍ နှိပ်ကွပ်ဆုံးမရန်ဖြစ်ပြီး ချီးမြှင့်သင့်သူကိုမူ မုဒိတာ၊ မေတ္တာတရားများလက်ကိုင်ထား၍ ချီးမြှောက်သင့်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုသို့ နိဂ္ဂဟပဂ္ဂဟတို့ကို ဆောင်ရွက်ရာတွင် အချို့ကိစ္စရပ်တို့၌ ပတ်ဝန်းကျင်၏ အပြစ်တင်ကဲ့ရဲ့မှု၊ မြှောက်ပင့်ချီးမွမ်းမှုတို့နှင့် ကြုံလာလျှင် ဥပေက္ခာတရား လက်ကိုင်ထား၍ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိဂုံးချုပ်အားဖြင့် လျှောက်ထားရပါလျှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် ပထမအကြိမ်မှ နဝမအကြိမ်တိုင်အောင် ကာလရှည်မြင့်စွာဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည့် နည်းတူနောင်အနာဂတ်သာသနာတော်အတွက်လည်း အရှည်ကိုကြည့်၍ ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ကြရာတွင် ဘုရားရှင် ဆင်ခြင်တော်မူခဲ့သည့် ကြာမျိုးဥပမာ သုံးပါးနှင့် တူညီကြသော ပုဂ္ဂိုလ်များနှင့်တွေ့ဆုံကြုံလာရလျှင် မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဖြဟ္မဝိဟာရတရား လေးပါး လက်ကိုင်ထားလျက် အကြိမ်ကြိမ် အထပ်ထပ် တံတိုင်းခတ်၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပါဟု လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

**ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

# ဒသမအကြိမ် သာမဏေကျော်စာမေးပွဲ ဘွဲ့လက်မှတ်နှင့် စာအောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၆**

သာသနမာမက သာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသော ဒသမအကြိမ် ကရင်ပြည်နယ်ကိုယ်စားပြု မြန်မာနိုင်ငံလုံးဆိုင်ရာ သာမဏေကျော်စာမေးပွဲကြီး ဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့(မူလဒွါရ) ဥက္ကဋ္ဌ အမိတာရာမရဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နောင်ဟင်ကျောင်းဆရာတော်ဘဒ္ဒန္တအာလောကထံမှ ဩဝါဒကထာနာယူ ကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနမာမက သာသနာလင်္ကာရအသင်းနာယက ကော့ဝါလဲကျေးရွာ အေးချမ်းသာယာတောရကျောင်းဆရာတော် ဘဒ္ဒန္တကဝိနန္ဒက သာသနမာမက သာသနာလင်္ကာရစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ရဟန်းကျော်၊ သာမဏေကျော်၊ သီလရှင်ကျော်တို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် စေတနာရှင်အလှူရှင်များက စာအောင်ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဘွဲ့လက်မှတ်၊ စာအောင်လက်မှတ်၊ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ အေးချမ်းသာယာ တောရကျောင်း ဆရာတော်က ဩဝါဒကထာမြွက်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် စာအောင်



သံဃာ၊ သာမဏေ၊ သီလရှင်တို့အား ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းမှသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆီသို့...

ကျေးလက်-ညိုညို

စာရေးသူသည် ၂၆-၁၁-၂၀၂၃ ရက်နေ့မှ ၁၀-၁၂-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများအား စာတွေ့၊ လက်တွေ့လေ့လာခဲ့ပြီး မြန်မာနိုင်ငံရှိ ကျေးရွာတစ်ရွာတွင် အိမ်ထောင်စု ၃၀ ရွေးချယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ထောက်ပံ့ကာ အမှန်တကယ်ဆောင်ရွက်မည့် စီမံကိန်းဒီဇိုင်းရေးဆွဲပေးပို့ခဲ့ရာ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ သုံးစွဲခွင့်ရရှိသဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာတွင် ဆောင်ရွက်ခဲ့ပါသည်။

**အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးစီမံကိန်း(SEP)**

လေ့လာရေးခရီးစဉ်တစ်လျှောက်မှ မှတ်သားခဲ့ရသည့် ပြည့်စုံဖူလုံသော စီးပွားရေးဆိုသည်မှာ ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှု၊ စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံထားသည့် အတွေးအခေါ် ဒဿနတစ်ခုဖြစ်ပါသည်။ Sufficiency Economy Philosophy (SEP)သည် ကိုယ်တိုင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပိုမိုအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေပြီး အသိပညာဗဟုသုတ၊ အမြော်အမြင်များ အသုံးပြု၍ ဆောင်ရွက်ရသော ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာနှင့် မှန်မြတ်သော အကျင့်သီလကို ဘဝလမ်းညွှန်အဖြစ် အသုံးပြုရမည်ဖြစ်ကြောင်း၊ ဉာဏ်ပညာအမြော်အမြင်ရှိခြင်းနှင့် ဖွဲလုံ့လဝီရိယရှိခြင်းသည် မိမိဘဝတစ်သက်တာတွင် စစ်မှန်သည့် ပျော်ရွှင်မှုရရှိစေရေး ဦးတည်သွားမည့် သိသာထင်ရှားသည့် အချက်ဖြစ်ပါကြောင်းနှင့် ယင်းအချက်များကို အခြေခံထားသည့် SEP ကို ကျင့်သုံး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အမှန်တကယ် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် အောင်မြင်မှုများရရှိနေသည်ကို မျက်ဝါးထင်ထင် အားကျဖွယ် လေ့လာသိရှိခဲ့ရပါသည်။



လာအိုနိုင်ငံ Xaythany ခရိုင် Don Iye ကျေးရွာ ချည်ထည်ပန်းထိုးလုပ်ငန်းသို့ သွားရောက်လေ့လာစဉ်။

**စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု**

ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး စီမံကိန်း (SEP)အား မြန်မာနိုင်ငံတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ယင်းစီမံကိန်းမှ ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာတွင် အကျိုးခံစားမည့် အခြေခံအိမ်ထောင်စု ရွေးချယ်ဆောင်ရွက်ရာ၌ အောက်ဖော်ပြပါ ရွေးချယ်ရေးစံသတ်မှတ်ချက်များနှင့်အညီ အများစုသဘောတူညီသည့် အခြေခံအိမ်ထောင်စု ၃၀ ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်-

(က) စီမံကိန်းတွင် တက်ကြွစွာ ပူးပါင်းပါဝင်ဆောင်ရွက်လိုစိတ်ရှိသည့် အိမ်ထောင်စု မိသားစုဝင်ငွေနည်းသည့် အိမ်ထောင်စု၊

(ခ) ထိခိုက်လွယ်သည့် အိမ်ထောင်စု၊

(ဂ) ကျေးရွာတွင် အမြဲတမ်းနေထိုင်သည့် အိမ်ထောင်စု (ကျေးရွာတွင် အနည်းဆုံး တစ်နှစ်နှင့်အထက် နေထိုင်သည့် အိမ်ထောင်စု)၊

(ဃ) ပညာရေး၊ ကျန်းမာရေးနှင့် အခြားဖွံ့ဖြိုးရေးအခွင့်အလမ်း နည်းပါးသည့် အိမ်ထောင်စု။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်ဝန်းသုံးခု (စက်ဝန်းတစ်ခုလျှင် ခြောက်လ) စုစုပေါင်းစီမံကိန်းကာလ ၁၈ လ သတ်မှတ်၍ ၂၀၂၄ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းမှ အခြေခံအိမ်ထောင်စု ၃၀ အားရွေးချယ်၍ ၎င်းတို့ ကြိုက်နှစ်သက်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး ၁၄ ဦးနှင့် မွေးမြူရေး ၁၆ ဦးရှိပြီး တစ်အိမ်ထောင်စုလျှင် သွင်းအားစုတန်ဖိုး၊ စင်တန်ဖိုးနှင့် ခြံတန်ဖိုးများအတွက် ငွေကျပ် ၂၈၀၀၀၀ ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် (ခရမ်း၊ ပဲတောင့်ရှည်၊ ပဲစောင်းလျား၊ ချဉ်ပေါင်၊ ကန်စွန်း၊ ပုံလုံ၊ ခဝဲ၊ ဖလံတောင်ဝှေးပင်များ) အဓိကစိုက်ပျိုးပြီး ရာသီအလိုက်သီးနှံများလည်း စိုက်ပျိုးကြပါသည်။ မွေးမြူရေးကဏ္ဍတွင် ကြက်၊ ဝက်၊ ဆိတ်များ မွေးမြူလျက်ရှိကြပါသည်။ စီမံကိန်းပထမစက်ဝန်းအား ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် စီမံကိန်းပထမစက်ဝန်းပြီးစီး၍ အခြေခံအိမ်ထောင်စု ၃၀ မှ ထောက်ပံ့ရန်ပုံငွေ၏ တစ်ဝက်အား ကျေးရွာကော်မတီမှတစ်ဆင့် ကျေးရွာစာရင်းရှင်အကောင့်သို့ ပြန်လည်ပေးသွင်း၍ အဆိုပါထောက်ပံ့ရန်ပုံငွေ၏ တစ်ဝက်ကို အခြေခံအိမ်ထောင်စု ၁၅ စု ထပ်မံရွေးချယ်၍ စီမံကိန်းဒုတိယစက်ဝန်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း ဒုတိယစက်ဝန်း ခြောက်လပြည့်ပါက ထပ်မံ၍ အိမ်ထောင်စု ခုနစ်စု ရွေးချယ်ပြီး စီမံကိန်းတတိယစက်ဝန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ စုစုပေါင်း အခြေခံအိမ်ထောင်စု ၅၂ စုမှ တိုက်ရိုက် အကျိုးကျေးဇူးခံစားရရှိစေမည်ဖြစ်ပါသည်။ စီမံကိန်းတတိယစက်ဝန်းပြီး၍ အိမ်ထောင်စု ခုနစ်စုမှ ထောက်ပံ့ငွေ၏ တစ်ဝက်ကိုကျေးရွာကော်မတီသို့ပြန်လည်ပေးသွင်းပြီးပါက အဆိုပါရန်ပုံငွေအား အများသဘောတူညီမှုဖြင့် ကျေးရွာမှ လိုအပ်သည့် ဖွံ့ဖြိုးရေးကဏ္ဍတွင် အသုံးပြုသွားရန် စီစဉ်ထားရှိပါသည်။

ယင်းစီမံကိန်းမှ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင်စီမံကိန်းစီမံခန့်ခွဲမှုနှင့်ဘဏ္ဍာရေးသင်တန်း၊ စိုက်ပျိုးရေးမွေးမြူရေးသင်တန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းများ ပို့ချပေးခဲ့သဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်များ မြင့်မားလာပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် များစွာအထောက်အကူပြုလျက်ရှိပါသည်။ ထို့အပြင် စာရေးသူတို့ စီမံကိန်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ပေးသဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု သင်တန်းများပို့ချပေးပြီး လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရုံသာမက သန့်ရှင်းသာယာလှပပြီး နေချင့်စဖွယ် ကျေးရွာလေးတစ်ရွာအဖြစ် ဖန်တီးပုံဖော်ပေးနိုင်ခဲ့ပါသည်။

**ကမ္ဘောဒီးယားနိုင်ငံသို့ စီမံကိန်းတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့မှု**

ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထောက်ပံ့ရန်ပုံငွေဖြင့် မဲခေါင်-လန်ချန်းနိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုပပျောက်ရေးစီမံကိန်းများ (SEP)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် မျှဝေဖလှယ်ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဘက်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုအားကောင်းလာစေရန်နှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား လေ့လာနိုင်ရန် ထိုင်းနိုင်ငံမှ ဦးဆောင်၍ စီမံကိန်းတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်အား ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမှ စာရေးသူဦးဆောင်၍ ကိုယ်စားလှယ်အဖွဲ့ လေးဦးသည် ၁၅-၇-၂၀၂၄ ရက်နေ့မှ ၁၉-၇-၂၀၂၄ ရက်နေ့အထိ သွားရောက်ခဲ့ကြပါသည်။

အဆိုပါခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် SEP စီမံကိန်းဆောင်ရွက်လျက်ရှိသည့် Dom ကျေးရွာနှင့် Preal ရွာတွင် အိမ်ထောင်စုများမှ အမှိုက်အမျိုးအစားများတွင် ပုလင်းခွံ၊ ပလတ်စတစ်ဘူးခွံ၊ သတ္တုပစ္စည်းနှင့် မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များဟူ၍ အမှိုက်အမျိုးအစား လေးမျိုးခွဲခြားကာ စနစ်တကျစွန့်ပစ်ခြင်း၊ ရောင်းချခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန် အိမ်တိုင်းတွင် အမှိုက်အိတ်များပြုလုပ်ပေးထားခြင်း၊ အမှိုက်သိမ်းပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် အမှိုက်ဝယ်ယူမည့် အဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စွန့်ပစ်အမှိုက်မှ ပုံမှန်ဝင်ငွေရရှိစေသဖြင့် အောင်မြင်သောစီမံကိန်းဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ယင်းလေ့လာရေးခရီးစဉ်၏ အလုပ်ရုံဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မတူညီသည့် Design အမျိုးမျိုးဖြင့် SEP စီမံကိန်းများ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အပြန်အလှန် ဝိုင်းဝန်းဆွေးနွေး၍ ပိုမိုပြည့်စုံကောင်းမွန်သည့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းဒီဇိုင်းပုံစံများကို လေ့လာသိရှိနားလည်ခဲ့ကြပါသည်။

စာရေးသူအနေဖြင့် အဆိုပါ လေ့လာရေးခရီးစဉ်မှ တွေ့ရှိချက်များအပေါ် အခြေခံ၍ ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းကို ပြင်ဆင်ရေးဆွဲ၍ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် SEP စီမံကိန်းအား နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ပြခဲ့ရာ ခွင့်ပြုချက်များရရှိ၍ ဒုတိယမြောက်အဖြစ် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**လာအိုနိုင်ငံသို့ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့မှု**

စာရေးသူနှင့်ကိုယ်စားလှယ် သုံးဦးပါ အဖွဲ့သည် ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနက ကြီးမှူးကျင်းပသည့် SEP စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်သို့ သွားရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်းနိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် SEP စီမံကိန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အလေ့အကျင့်ကောင်းပုံစံများ၊ စာမျက်နှာ ၁၁ သို့

**မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာတို့တွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် SEP စီမံကိန်းများမှ targeted အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ထဲထဲဝင်ဝင် ကြိုးပမ်းဆောင်ရွက်ကြသဖြင့် အမှန်တကယ် ထိရောက်အောင်မြင်မှုများရရှိခဲ့ပြီး အိမ်ထောင်စုများ၏ လူမှုစီးပွားဘဝများတိုးတက်ရုံသာမက ယင်းအောင်မြင်မှုများကို အခြားသောအိမ်ထောင်စုများက အားကျအတုယူ၍ လိုက်လံဆောင်ရွက်သဖြင့် စီမံကိန်းမှသတ်မှတ်ထားသည့် targeted အခြေခံအိမ်ထောင်စုများအပြင် အခြားသောအိမ်ထောင်စုများပါ စီးပွားရေးတိုးပွားလာကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်အကျိုးရှိသော စီမံကိန်းတစ်ရပ်ဖြစ်**

❒ စာမျက်နှာ ၁၀ မှ

အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ချက်များအား အပြန်အလှန် မျှဝေဖလှယ်ဆွေးနွေးခဲ့ကြသဖြင့် ဗဟုသုတများစွာရရှိစေခဲ့ပြီး မိမိတို့နိုင်ငံရှိ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပြန်လည်အသုံးချသွားစေနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုစေသည့် လေ့လာရေးခရီးစဉ်ဖြစ်ခဲ့ပါသည်။

လေ့လာရေးခရီးစဉ်အနေဖြင့် လာအိုနိုင်ငံ၏ SEP စီမံကိန်းကို စဉ်ဆက်မပြတ် လူနေမှုအဆင့်အတန်းမြင့်မားစေရေး စီမံကိန်းအမည်ဖြင့် Xaythany ခရိုင်ရှိ Don Iye ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများ လက်တွေ့သွားရောက် လေ့လာရာတွင် ဘဲမွေးမြူရေးလုပ်ငန်းနှင့် စွန့်ပစ်အမှိုက်လုပ်ငန်း၊ ချည်ထည်ပန်းထိုးလုပ်ငန်းများ၏ လက်တွေ့ဆောင်ရွက်မှု အခြေအနေများကို လေ့လာခွင့်ရရှိခဲ့သလို ဘဲမွေးမြူရေးလုပ်ငန်းတွင် မြေနေရာအနည်းငယ်ရှိရုံဖြင့် သန့်ရှင်းသပ်ရပ်စွာ မွေးမြူနိုင်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုး၍ နည်းစနစ်တကျ ဆောင်ရွက်ပေးမှုများ၊ ချည်ထည်ပန်းထိုးလုပ်ငန်းအနေဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စာတွေ့၊ လက်တွေ့များ သင်ကြားပို့ချပေးကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လေ့လာဝယ်ယူနိုင်သည့် ဈေးကွက်ရရှိပြီး အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ မှိုစိုက်ပျိုးရေးလုပ်ငန်းတွင်လည်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို စာတွေ့ လက်တွေ့ သင်ကြားပေးကာ လိုအပ်သောနည်းပညာ၊ သွင်းအားစုများ၊ အဆောက်အအုံများ ပံ့ပိုးပေး၍ မှိုစိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီး အကျိုးအမြတ်များ ရရှိလျက်ရှိသည်ကို လက်တွေ့လေ့လာသိရှိခဲ့ရပါသည်။

စာရေးသူသည် ယင်းလေ့လာရေးခရီးစဉ်အတွင်း ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ ဗဟုသုတများစွာကို SEP စီမံကိန်းဒီဇိုင်း၌ ပေါင်းစပ်ထည့်သွင်း၍ မြန်မာနိုင်ငံတွင် တတိယမြောက် SEP စီမံကိန်းအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟင်းခါးကုန်းကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁ သန်းဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။



ခနုဖြူမြို့နယ် ရိုးကြီးကျေးရွာ စိုက်ပျိုးရေးလုပ်ငန်း။

### ဆင့်ပွားအောင်မြင်မှုများ

လေ့လာရေးခရီးစဉ်များမှ တွေ့ရှိချက်များအပေါ် အခြေခံပြီး ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ လက်ရှိအကောင်အထည်ဖော်ပြီး အောင်မြင်မှုအသီးအပွင့်များ ရရှိနေပြီဖြစ်သည့် ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း(SEP)တစ်ရွာမှ ထပ်ပွားအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ လှပဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ရန်ပုံငွေကျပ် ၂၁ သန်းစီဖြင့် စာရေးသူအထက်မှာ ဖော်ပြခဲ့ပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ရှိ ကျေးရွာတစ်ရွာစီတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ရှိ ကျေးရွာတစ်ရွာစီတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာဆွေးနွေးခြင်းမှသည် မြန်မာနိုင်ငံ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ၏ ဖွံ့ဖြိုးရေးကဏ္ဍများဆီသို့ လှမ်းချီလာနိုင်ခဲ့ပြီး စီမံကိန်းတစ်ခုမှစ၍ ထပ်ဆင့် ထပ်ဆင့် တိုးပွားဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေသည့်အတွက် များစွာအကျိုးရှိသော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း တွေ့ရှိရပါသည်။

### သုံးသပ်ချက်

စာရေးသူတို့အဖွဲ့အနေဖြင့် တစ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ တစ်ဆက်တည်းသွားရောက်ခဲ့ရသည့်အတွက် ပြည်ပအတွေ့အကြုံများရရှိခဲ့ပြီး နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုရိုးရာအမွေအနှစ်များကို လေ့လာတွေ့ရှိခဲ့ရခြင်း၊ နိုင်ငံအသီးသီးက ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ခဲ့ကြသည့်အတွက် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ခြင်း၊ လိုက်ပါလေ့လာခွင့်ရသည့် ဝန်ထမ်းများ၊ ရွာသားများအနေဖြင့် စီမံကိန်းအောင်မြင်မှုအသီးအပွင့်များကို မျက်မြင်မြင်တွေ့ခွင့်ရသည့်အတွက် Motivation များရရှိပြီး စီမံကိန်းလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားလာကြကာ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာဆောင်ရွက်လာနိုင်ခြင်း၊ စီမံကိန်းအတွေ့အကြုံများကို ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများသို့ ပြန်လည်မျှဝေနိုင်ခြင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများမှ အဖွဲ့ဝင်ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခွင့်ရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးချစ်ခင်မှု၊ ယုံကြည်အားကိုးမှု၊ အပြန်အလှန် ရိုင်းပင်းကူညီဆောင်ရွက်ပေးလိုမှုနှင့် နားလည်မှုများ ပိုမိုရရှိခဲ့သည့်အတွက် များစွာအကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတို့တွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် SEP စီမံကိန်းများမှ targeted အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ထဲထဲဝင်ဝင် ကြိုးပမ်းဆောင်ရွက်ကြသဖြင့် အမှန်တကယ် ထိရောက်အောင်မြင်မှုများ ရရှိခဲ့ပြီး အိမ်ထောင်စုများ၏ လူမှုစီးပွားဘဝများ တိုးတက်ရုံသာမက ယင်းအောင်မြင်မှုများကို အခြားသော အိမ်ထောင်စုများက အားကျအတုယူ၍ လိုက်လံဆောင်ရွက်သဖြင့် စီမံကိန်းမှ သတ်မှတ်ထားသည့် targeted အခြေခံအိမ်ထောင်စုများအပြင် အခြားသော အိမ်ထောင်စုများပါ စီးပွားရေးတိုးပွားလာကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်အကျိုးရှိသော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများလည်း တစ်ပါတည်းဆောင်ရွက်ပေးသဖြင့် သန့်ရှင်းသာယာလှပသော ကျေးရွာဖြစ်စေခြင်းသာမက ကျေးရွာ၏ ကျန်းမာရေးကဏ္ဍကိုပါ တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်ခဲ့ပါသည်။ ထိုသို့ အောင်မြင်မှုများ ရရှိဖြစ်ထွန်းနေမှုအပေါ် အခြားသောကျေးရွာများက အတုယူလိုက်လံဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်လာရသည့်အတွက် ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းမှသည် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် ဖွံ့ဖြိုးရေးအသီးအပွင့်များ ခံစားရသည့် စီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နောင်ချိုမြို့နယ် တောင်ရှည်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်

**နောင်ချို ဖေဖော်ဝါရီ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာန၊ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နှီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်းယာယီရပ်ဆိုင်းထားသော နောင်ချိုမြို့နယ် တောင်ရှည်တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစွာ တာဝန်ရှိသူများက တောင်ရှည်တိုက်နယ်ဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာနအနေဖြင့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်တွင်လည်းကောင်း၊ နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး ယခုအခါ တောင်ရှည်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် တောင်ရှည်၊ မဲပုတ်၊ ရေတွင်းကြီး၊ ရွှေမုဋ္ဌော၊ နောင်တော၊ အင်းဖိုကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသားပြည်သူ ၃၀၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲ ၃၅ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောမီးလောင်ကျွမ်းမှု မရှိစေရေးသတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှု မရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှု တွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ မြို့နယ်သစ်တောဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေပြီး သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းဖြစ်လာစေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဟုမ္မလင်းခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၃၁ ဒသမ ၇၅ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၃၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိသည့်အတွက် ၂ ဒသမ ၁၀ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ ကျားနှင့် အခြားရှားပါး တိရစ္ဆာန်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံအဆင့် ကျားထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ ကျားထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဟုမ္မလင်းခရိုင်အတွင်း ဝါးနှင့်ကြိမ် အခြောထည်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် ပုဂ္ဂလိကနှင့် ဌာနပေါင်းစပ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သစ်တောနယ်မြေအတွင်း တရားမဝင်သစ်နှင့် သတ္တုများ ထုတ်ယူသယ်ဆောင်မှု မရှိစေရေးအတွက်လည်း သက်ဆိုင်ရာဌာနများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်၍ ပြည်သူက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်းများကို ကြည့်ရှုအားပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၆**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်တရားရုံး အသစ်ဆောင်ရွက်နေမှု၊ အမှတ်(၄)လမ်းကျောက်စီ ရေနုတ်မြောင်းနှင့် ပလက်ဖောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မြို့နယ်တရားရုံးသို့ ရောက်ရှိပြီး ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် လွိုင်ကော်မြို့နယ် တရားရုံးပေ (၁၃၀ x ၅၀) သံကူကွန်ကရစ် တစ်ထပ် အဆောက်အအုံနှင့် သက်သေခံပစ္စည်းများ ထားသိုရန် ပေ (၃၀ x ၂၀) နှစ်ထပ် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး ဆောင်ရွက်သွားရန်၊ လုပ်သားအင်အားနှင့် အလုပ်ချိန်တိုးမြှင့် ဆောင်ရွက်သွားရန်၊ မြေပြင် လုပ်ငန်းများသာမက ရုံးလုပ်ငန်းများပါ စနစ်တကျ အချိန်မီပြီးစီးစေရန် သက်ဆိုင်ရာဌာနများမှလည်း ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ် တရားရုံးနှင့် သက်သေခံပစ္စည်းများ ထားသိုရန် အဆောက်အအုံများ ဆောက်လုပ်လျက်ရှိသည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် စနစ်တကျ သွားလာနိုင်ရေးအတွက် ဒေါ်ဥခူရပ်ကွက် အမှတ်(၄)လမ်းမကြီးတစ်လျှောက် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ကျောက်စီ ရေနုတ်မြောင်း နှစ်ဖက်နှင့် ပလက်ဖောင်း အရှည် ၂၂၅ မီတာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ကာလအမီ ဆောင်ရွက်ပြီးစီးရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လမ်းနှင့် လမ်းပခုံးများအား သန့်ရှင်းသပ်ရပ်စွာ ရှင်းလင်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပေ (၄၀ x ၃၀) RCC တစ်ထပ် စာကြည့်တိုက်အသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေဖြင့်လည်း သတ်မှတ်စံချိန်စံညွှန်း ပြည့်မီမှုရှိစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်း၌ ကျောင်းသားကျောင်းသူများ သင်ယူလေ့လာကျက်မှတ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင် မီးဘေးလုံခြုံရေးစစ်ဆေး



**မင်းလှ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီ အရောင်းဆိုင်အား ယနေ့ နံနက်ပိုင်းက စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်စိုးလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စိုးထက်ဝင်း စက်သုံးဆီ အရောင်းဆိုင်အား မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ဆီဖြည့်နေစဉ် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်၊ စက်သုံးဆီ သိုလှောင်ထားရှိမှုများအား မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးများ အသုံးပြုတတ်စေရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူများ သိရှိလိုက်နာစေရေးအတွက် မီးဘေးလုံခြုံရေး သတိပေးဆိုင်းဘုတ်များ ထားရှိစေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုခန့်**

# ချမ်းအေးသာစံမြို့နယ်၌ မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ချမ်းအေးသာစံ ဖေဖော်ဝါရီ ၁၆**

ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦးက ဦးဆောင်ကာ အများပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မီးဘေး လုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဦးစီးဌာန၏ အရေးပေါ် ဖုန်းနံပါတ်များကို လိုက်လံကပ်ပေးခြင်း၊ 191 Report Application ကို ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးကြပြီး အသုံးပြုပုံများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်(ချမ်း/စံ)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရှန်ကျိုး ၂၁ အာကာသယာဉ်မှ အာကာသယာဉ်မှူးများ အာကာသထဲတွင် တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပ



**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်နိုင်ငံမှ လွှတ်တင်ခဲ့သည့် ရှန်ကျိုး ၂၁ အာကာသယာဉ်မှ အာကာသယာဉ်မှူးများသည် အာကာသထဲတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့ပြီး ကမ္ဘာမြေပြင်သို့ နှစ်သစ်ကူး ဆုတောင်းစကားများ ပေးပို့ခဲ့ကြောင်း တရုတ်နိုင်ငံအာကာသအေဂျင်စီမှ ထုတ်ပြန်သည့် ရုပ်သံဖိုင်အရ သိရသည်။

ခေါင်းဆောင် အာကာသယာဉ်မှူးဖြစ်သည့် ဇန်လူကလူသားများအတွက် နှစ်သစ်တွင် အကောင်းဆုံးအရာများရရှိစေရေးနှင့် ငြိမ်းချမ်းရေးရရှိစေရေး ဆုတောင်းပါကြောင်း၊ ယခုအာကာသတွင် ကျင်းပသည့် နှစ်သစ်ကူးပွဲတော်သည် မိမိအတွက် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ရှန်ကျိုး ၁၅ အာကာသယာဉ်တွင်လည်း လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း ပြောကြားသည်။ ယခုကဲ့သို့ အာကာသထဲတွင် နှစ်သစ်ကူးပွဲတော် ကျင်းပခွင့်ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြင်းနှစ်ဖြစ်သည့် ယခုနှစ်မှစတင်၍ စွမ်းအားများကို အသုံးပြုကာ မိမိတို့၏ အိပ်မက်များနှင့် ပျော်ရွှင်မှုများကို ရယူပြီး မိမိ၏ လုပ်ဖော်ကိုင်ဖက်များအတွက်လည်း ခရီးစဉ်ချောမွေ့ကာ ဘဝခရီးလမ်းအဆင်ပြေစေရေးအတွက် ဆုတောင်းပါကြောင်း အခြားအာကာသယာဉ်မှူးတစ်ဦးဖြစ်သည့် ဝူဖီက ပြောကြားသည်။ မိမိတို့အနေဖြင့် ကြယ်များစုံလင်စွာရှိနေသည့် ကောင်းကင်တွင် သမိုင်းသစ်ရေးထိုးမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် အောင်မြင်မှုများရရှိစေရေးဆုတောင်းပါကြောင်း အာကာသယာဉ်မှူးတစ်ဦးဖြစ်သည့် ဇန်ဟောင်ဇန်းက ပြောကြားသည်။ ၎င်းတို့သည် အာကာသယာဉ်အတွင်း တရုတ်ရိုးရာမီးပုံးများတပ်ဆင်ခြင်းနှင့် စားသောက်ပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၎င်းတို့အနေဖြင့် အာကာသယာဉ်ရှိ မုန့်ဖိုတွင် ကိုယ်တိုင်ပြုလုပ်သည့် ကိတ်မုန့်ကိုလည်း စားသောက်ခဲ့ကြကြောင်း သိရသည်။

ရှန်ကျိုး ၂၁ အာကာသယာဉ်အား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် အာကာသထဲသို့ လွှတ်တင်ခဲ့ပြီး လက်ရှိအချိန်တွင် သိပ္ပံပညာဆိုင်ရာ စူးစမ်းလေ့လာရေးလုပ်ငန်းများအား အောင်အောင်မြင်မြင်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်း ဗီးလက်စ်ဒေသတွင် ရထားလမ်းချော်တိမ်းမှောက်မှုဖြစ်ပွား

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၆**

ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်း ဗီးလက်စ်ဒေသတွင် ဖေဖော်ဝါရီ ၁၆ ရက်က ရထားလမ်းချော်တိမ်းမှောက်မှုဖြစ်ပွားရာ ငါးဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ပုဂ္ဂလိကရထားလုပ်ငန်း ဗန်းလော့ဗတ်ဆန်လွန်ဗန်းက ဗိုဗင်စတိန်းမှ ဟော့တန်းသို့ ပြေးဆွဲသည့် ရထားသည် ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ရထားလမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားချိန်တွင် ရထားပေါ်၌ ခရီးသည် ၈၀ လိုက်ပါလာကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးကို ဆီအွန်မြို့ရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကာ ကျန်ခရီးသည်လေးဦးကို အရေးပေါ်လုပ်ငန်းတာဝန်ရှိသူများက အခင်းဖြစ်နေရာတွင် ကုသပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုဖြစ်စဉ်ဖြစ်ပွားရခြင်းမှာ ၎င်းရထားလမ်းပိုင်းသို့ ရထားမရောက်ရှိမီ အချိန်တွင် နှင်းပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုဖြစ်စဉ်ကြောင့် ဂိုဗင်စတိန်းဒေသနှင့် ဗရတ်မြို့ကြား ရထားလမ်းပိုင်းများ ပျက်စီးခဲ့ပြီး ရထားပြေးဆွဲမှုကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းအထိ ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းဒေသအတွင်း နှင်းပြိုကျမှုဖြစ်ရပ်များ မကြာခဏဖြစ်လေ့ရှိသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဟော်မုဇ်ရေလက်ကြား၌ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က စစ်ရေးလေ့ကျင့်မှုဆောင်ရွက်

**တီဟီရန် ဖေဖော်ဝါရီ ၁၆**

အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဟော်မုဇ်ရေလက်ကြားတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းရေတပ်စစ်ရေးလေ့ကျင့်မှုကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ တပ်မှူးချုပ် မိုဟာမက်ပတ်ပေါ်၏ ကြီးကြပ်မှုဖြင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ရေတပ်က လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ သတင်းဌာနဖြစ်သည့် ဆီပါသတင်းဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့ ရေတပ်တပ်ဖွဲ့များ၏ တိုက်ခိုက်နိုင်မှုစွမ်းရည်ကိုအကဲဖြတ်ရန်နှင့် ဟော်မုဇ်ရေလက်ကြားတွင် ဖြစ်ပွားနေသည့် စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အပါအဝင် ၎င်းရေလက်ကြားရှိ အီရန်၏ ပထဝီနိုင်ငံရေးအရ အားသာမှုများကို နှောင့်ယှက်ခြင်းမှ ဟန့်တားရေးအတွက် ယခုစစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ တိုက်ခိုက်ရေးနှင့်ထောက်လှမ်းရေးဆိုင်ရာလေ့ကျင့်ခန်းများတွင် ကမ်းရိုးတန်းဒေသတစ်လျှောက် တိုက်ခိုက်မှုများဖြစ်ပါက အလျင်အမြန်တုံ့ပြန်တိုက်ခိုက်ရေးအစီအစဉ်များကိုပါ ထည့်သွင်းလေ့ကျင့်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ဉာဏ်ရည်တုနည်းပညာသုံး ဆေးခန်းဖွင့်လှစ်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ဉာဏ်ရည်တုနည်းပညာသုံး ဆေးခန်းတစ်ခုကိုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ နိုင်ငံ၏ ဆေးကုရေးကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ ရှေ့တိုးဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းဆေးခန်းတွင် ဉာဏ်ရည်တုနည်းပညာဖြင့် ဆရာဝန်များက ပေးပို့သည့် ဓာတ်မှန်ပုံရိပ်များ၊ သွေးစစ်ဆေးမှုရလဒ်များနှင့် မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များကို စစ်ဆေး၍ ရောဂါရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်သည်။ ယခုဆောင်ရွက်ချက်အရ ဆရာဝန်များအနေဖြင့် ရောဂါဖြစ်ပွားမှုကို ကနဦးအခြေအနေတွင် သိရှိနိုင်မည်ဖြစ်ပြီး ကုသမှုများကိုဆောင်ရွက်နိုင်မည်ဖြစ်ကာ ဝေးလံသည့်ဒေသများရှိ ဆရာဝန်များထံသို့လည်း ကုသရေးဆိုင်ရာ အကြံဉာဏ်များပေးနိုင်မည်ဟု သိရသည်။ ယခုအစီအစဉ်အရ တစ်နေ့လျှင် လူနာ ၂၀၀၀ ခန့်အား ရောဂါရှာဖွေရေးဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသများရှိ လူနာများအား ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း GIMS Medical Incubator Centre မှ အမှုဆောင်အရာရှိချုပ် ရာဟောဆင်းက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# ဗွန်ဒီကမ်းခြေတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုမှ တရားခံ နာဗီအက်ကရန်အား ကြားနာစစ်ဆေး



**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၆**

ဩစတြေးလျနိုင်ငံ ဗွန်ဒီကမ်းခြေတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုမှ တရားခံ နာဗီအက်ကရန်အား ဖေဖော်ဝါရီ ၁၆ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ကြားနာစစ်ဆေးခဲ့ကြောင်း သိရသည်။

၎င်းအား လူစုလူဝေးအပေါ် ပစ်ခတ်မှုအပါအဝင် အမှုပေါင်း ၅၉ မှုဖြင့် စွဲချက်တင်ထားသည်။ ၎င်းအား ထိန်းသိမ်းထားရာ အကျဉ်းထောင်အတွင်းမှနေ၍ ဗီဒီယိုလင့်မှတစ်ဆင့် ကြားနာစစ်ဆေးမှုကို ခံယူခဲ့သည်။ ၎င်းအားလူသတ်မှု ၁၅ မှုအပြင် အကြမ်းဖက်ရန် အားထုတ်မှုတစ်မှုအတွက်လည်း စွဲချက်တင်ခဲ့သည်။ နာဗီအက်ကရန်နှင့် ၎င်း၏ဖခင် ဆာဂျစ်အက်က ရန်တို့သည် ဂျူးလူမျိုးများပွဲတော်ကျင်းပနေသည့် ဗွန်ဒီကမ်းခြေတွင် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၅ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဆာဂျစ်အက်ကရန်မှာ ပစ်ခတ်မှုအတွင်း သေဆုံးခဲ့သည်။ တရားခံသားအဖနှစ်ဦးသည် တိုက်ခိုက်မှုများ မဆောင်ရွက်မီက ကျေးလက်ဒေသတွင် လက်နက်ကိုင်ဆောင် တိုက်ခိုက်နည်းသင်တန်းများ တက်ရောက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နာဗီအက်ကရန်သည် ကြားနာမှုအတွင်း ငြိမ်သက်စွာ နေထိုင်ခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

မိမိ၏အမှုသည် မည်သို့ အယူခံဝင်မည်ကို ပြောကြားရန် အချိန်စောသေးကြောင်း တရားခံ၏ရှေ့နေက ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများနှင့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော်  ဖေဖော်ဝါရီ ၁၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇမ္ဗူသီရိမြို့နယ် ဉဏ သိဒ္ဓိရပ်ကွက်ရှိ အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အတွင်း အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၄၁)၊ (၄၃)နှင့် (၄၄) နှစ်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်အချိန်အတွင်း အမြန်ပြီးစီးရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇေယျာသိဒ္ဓိရပ်ကွက် ပြည်ကြီးမဏ္ဍိုင်လမ်းအား ခြောက်ပေအကျယ် ပလက်ဖောင်းပြုပြင်ခြင်းနှင့် အုတ်စီရေမြောင်းပြုလုပ်နေမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဥတ္တရသီရိမြို့နယ် ကျွန်းချောင်း (၄) လမ်းအား ကျောက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မန္တလေးလမ်းနှင့် သော်ကလမ်းထောင့်တွင် လမ်းပိုင်းများ ပြုပြင်နေမှု၊ Box Culvert ပြုပြင်နေမှုနှင့် ဇေယျာဌာနီလမ်း ဆင်းမားမီးပွိုင့်အနီး နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး လုပ်ငန်းအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လမ်းဘေးဝဲ၊ ယာ သန့်ရှင်းသာယာလှပရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# နာနိုနည်းပညာအသုံးပြု၍ ရေနံတူးဖော်ထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး အစည်းအဝေးကျင်းပ



**မကွေး  ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးချိုရွာအနီးတွင် နာနိုနည်းပညာအသုံးပြု၍ ရေနံတူးဖော်ထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်မြို့နယ် ငွေးချိုကျေးရွာအနီး မြေဧရိယာ ၄၉၆ ဒသမ ၅၅၇ ဧကတွင် နာနိုနည်းပညာ အသုံးပြု၍ ရေနံတူးဖော်ထုတ်လုပ်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျင်းပခြင်းဖြစ်ကြောင်း၊ နာနိုနည်းပညာအသုံးပြု၍ ရေနံတူးဖော်ထုတ်လုပ်ခြင်းသည် နိုင်ငံအတွက် ရေနံထုတ်လုပ်မှုတိုးတက်ခြင်း၊ စီးပွားရေးအရ တွက်ခြေကိုက်ခြင်း၊ အကျိုးအမြတ်များသော ရေနံမြေသိုက်အသစ်များ တူးဖော်ခြင်း၊ ရေနံသိုက်ဟောင်းများ၏ ထုတ်လုပ်မှုတိုးတက်လာအောင် မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ မြေပြင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ချောက်မြို့နယ် ငွေးချိုရွာအနီးတွင် နာနိုနည်းပညာအသုံးပြု၍ ရေနံတူးဖော်ထုတ်လုပ်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မုဒုံမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်နိုင်ရေး မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးပေးအပ်ပွဲ ကျင်းပ

**မုဒုံ  ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကမ်းရိုးတန်းသွား အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း တည်ဆောက်ရေးအတွက် စီမံကိန်းဧရိယာအတွင်း ပါဝင်သည့် လယ်မြေများအတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး ပေးချေနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တောင်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဟသာ်ခန်းမ၌ ကျင်းပသည်။

**မြေယာလျော်ကြေးငွေ ထုတ်ပေး**

ဦးစွာ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က မွန်ပြည်နယ် မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းနှင့် အပြည်ပြည်ဆိုင်ရာ ရေနက်ဆိပ်ကမ်းတစ်ခု စီမံကိန်းကို တည်ဆောက်သွားရန် လျာထားပြီး စုစုပေါင်းမြေဧကမှာ ၄၆၈၅ ဒသမ ၅၈ ဧကဖြစ်ကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် တောင်သူများ၏ လယ်မြေ၊ ဥယျာဉ်မြေနှင့် စိုက်ပျိုးသီးနှံများကို သီးနှံအမျိုးအစားအလိုက် လျော်ကြေးငွေများ ပေးအပ်ခဲ့ရာ ယခုရေနက်ဆိပ်ကမ်းတွင် ပါဝင်သည့် တောင်သူများအား လယ်မြေတစ်ဧကလျှင် ငွေကျပ်သိန်း ၄၀ အပြင် ပြည်နယ်အစိုးရအဖွဲ့က အပိုဆောင်းငွေအဖြစ် ကျပ်သိန်း ၃၀၊ တစ်ဧကလျှင် စုစုပေါင်း ကျပ်သိန်း ၇၀ ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးမှူးက မြေယာလျော်ကြေးပေးချေနိုင်ရေး ကိစ္စများနှင့်ပတ်သက်၍ ထပ်မံရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြေယာလျော်ကြေးငွေများကို တောင်သူများထံ လက်ဝယ်အရောက် ထုတ်ပေးသည်။

မုဒုံမြို့နယ်တွင် နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း၊ ရေနက်ဆိပ်ကမ်း စီမံကိန်းအား နိုင်ငံတော်အစီအစဉ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်လုံကျေးရွာအနီး မြေ ၃၆၈ ဧကပေါ်၌ စက်မှုဇုန်တစ်ခု တည်ဆောက်သွားရန်လည်း စီမံကိန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၁၃)/ အလုံ(၂)တွင် အထွေထွေမန်နေဂျာ(CNG)ဦးခွန်မျိုးသန့် ဦးဆောင်မှုဖြင့် ဆိုင်အရာရှိနှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး ဟောပြောမှုနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူးဦးပြည့်စုံနှင့် တပ်ဖွဲ့ဝင်များက ဟောပြောသရုပ်ပြသစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ အောင်ဇော်မင်း




**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြန်မာ့ပညာရေး၏ စာရိတ္တနှင့် ပြည်သူ့နီတိ

ဦးမင်းဦး (မဟာပညာရေး)

**မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် ကျောင်းသားလူငယ်များကို အကျင့်စာရိတ္တကောင်းမွန်ပြီး တာဝန်သိစိတ်ရှိသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးသည့် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည်။ အခြေခံပညာသင်ရိုးညွှန်းတမ်းသစ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိကို အခြေခံအဆင့်များ၌ အဓိကဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားလျက်ရှိသည်။**

**"စာရိတ္တ"** ဆိုသည်မှာ ကိုယ်ကျင့်တရားဖြစ်ပြီး **"ပြည်သူ့နီတိ"** မှာ ပြည်သူများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်ဖြစ်သည်။ ထို့ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိသည် တစ်သားတည်း ဒွန်တွဲဆက်စပ်နေပြီး အပြန်အလှန်အကျိုးပြုနေသည်။ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ နေထိုင်ကျင့်ကြံကြမှသာလျှင် စာရိတ္တကောင်းမွန်သူ ဖြစ်လာနိုင်သည်။ စာရိတ္တကောင်းမွန်သူဖြစ်မှလည်း နီတိကျွမ်းကျင်သောပြည်သူ ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို တွဲဖက်ပြီး ရေးဆွဲပြဋ္ဌာန်းပို့ချသင်ကြားခြင်းဖြစ်သည်။

လူ့အဖွဲ့အစည်းအတွင်း "မှန်သည်" နှင့် "မှားသည်" ဟု ယူဆသောအရာများကို စာရိတ္တကိုယ်ကျင့်တရားဟု သတ်မှတ်နိုင်ပြီး လူတစ်ဦးချင်းလိုက်နာရန် လမ်းညွှန်ပေးနိုင်သည်။ ၎င်းသည် လူသားနှင့် လူ့ယဉ်ကျေးမှုကို ကြီးမားစွာမြှင့်တင်ပေးနိုင်သည့် ပင်မအရင်းခံနှင့် စည်းလုံးညီညွတ်သော နိယာမဖြစ်သည်ဟု လူအများက ယုံကြည်ကြသည်။ စာရိတ္တနှင့် ပြည်သူ့နီတိပညာရေးသည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံ့သားကောင်းဖြစ်လာစေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

ယနေ့ခေတ်တွင် နိုင်ငံ့သားကောင်း ပညာပေးအစီအစဉ်များသည် နိုင်ငံသားများအား ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း ပညာပေးရန် နိုင်ငံများအတွက် ပို၍အရေးကြီးသော နည်းလမ်းတစ်ခု ဖြစ်လာသည်။ စာရိတ္တနှင့် ပြည်သူ့နီတိပညာရေးကို ကမ္ဘာ့နိုင်ငံအများစုတွင် ကျောင်းသင်ရိုးညွှန်းတမ်းအဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် စာရိတ္တပညာရေးကို ပင်းယခေတ်မှ စတင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၇၀၄ ခုနှစ် သီဟသူမင်းလက်ထက်တွင် အမတ်ကြီး စတုရင်္ဂဗလသည် များစွာသောနီတိကျမ်းများထဲမှ ကိုယ်ကျင့်တရားဆိုင်ရာဆုံးမစာများကို ရွေးချယ်ပြီး ပါဠိဘာသာသို့ ပြန်ဆိုခဲ့သည်။ ထို့နောက် ပြည်သူများ လိုက်နာကျင့်ကြံနိုင်ရန်အတွက် အပိုင်း (၇)ပိုင်း ခွဲခြားခဲ့သည်။ ယင်းတို့တွင် ပညာအကြောင်း၊ သူတော်ကောင်းနှင့် လူမိုက်တို့၏သဘာဝ၊ မိတ်ဆွေအပေါင်းအသင်း၊ အမျိုးသမီးများအကြောင်း၊ မင်းနှင့် အမတ်များအကြောင်း စသည်တို့ ပါဝင်သည်။ ဤသည်ကို မြန်မာနိုင်ငံ၏ ပထမဆုံးသော စာရိတ္တပညာရေးဟု ယူဆနိုင်သည်။

ဤကျမ်းသည် အမတ်ကြီးစတုရင်္ဂဗလ ရေးသားခဲ့သည့် ထင်ရှားသော **လောကနီတိကျမ်း**ပင်ဖြစ်သည်။

စာရိတ္တပညာရေး ဖွံ့ဖြိုးတိုးတက်ခဲ့သော ဒုတိယခေတ်မှာ အင်းဝခေတ်ဖြစ်သည်။ ဤခေတ်တွင် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည် ကျော်ကြားသောစာဆိုများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ၎င်းတို့သည် လူငယ်များ လူကောင်းဖြစ်လာရန် လိုက်နာရမည့် စည်းမျဉ်းများနှင့် လိုက်နာရမည့်အချက်များကို ပြောပြခဲ့ကြသည်။ ရှင်မဟာသီလဝံသ၏ အဆိုအရ ကိုယ်ကျင့်တရားပညာရေးနှင့် ပတ်သက်၍ ရုပ်ပိုင်းဆိုင်ရာ အပြုအမူများအကြောင်း ဖော်ပြခဲ့ပြီး သူ၏ အကြံပြုချက်များသည် ကောင်းမွန်သောနေထိုင်မှုပုံစံများ၊ ကောင်းမွန်သောစကားပြောဆိုမှု သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုမှုနှင့် အစားအသောက်ပုံစံများ စသည်တို့ကို ဖြစ်ပေါ်စေခဲ့သည်။ သူ၏ အကြံပြုချက်များသည် လက်တွေ့ကျပြီး လူတိုင်းအတွက် အသုံးဝင်သည်။

ရှင်မဟာရဋ္ဌသာရ၏ အဆိုအရ၊ သူသည် တပည့်များအား စာပေပညာရပ်များကို လေ့လာရုံသာမက မိမိတို့ဘဝအတွက် ကောင်းမွန်သောအလေ့အကျင့်ကောင်းများကိုလည်း လိုက်နာကျင့်ကြံရန် တိုက်တွန်းခဲ့သည်။ ထို့ကြောင့် မြန်မာမင်းများလက်ထက်တွင် စာရိတ္တပညာပေးခြင်းသည် လူတစ်ဦးချင်းစီ၏ ဘဝတစ်လျှောက်လုံး၌ ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်လာစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

စာရိတ္တနှင့် ပြည်သူ့နီတိပညာ၏ အဓိကရည်ရွယ်ချက်များနှင့် အရေးပါမှုများကို အောက်ပါအတိုင်း တွေ့ရှိနိုင်သည် –

### ကျင့်ဝတ်နှင့် အကျင့်စာရိတ္တမြှင့်တင်ခြင်း

အမှား၊ အမှန်ကို ခွဲခြားသိမြင်စေရန်နှင့် မိဘ၊ ဆရာ၊ လူကြီးသူမများကို ရိုသေလေးစားခြင်း၊ အများအကျိုးကို ဆောင်ရွက်ခြင်းစသည့် မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေရှိသော အခြေခံကျင့်ဝတ်များကို ငယ်စဉ်ကတည်းက ပျိုးထောင်ပေးသည်။ ကလေးသူငယ်များအား ငယ်စဉ်ကတည်းက အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ရန်၊ မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သော လူကြီးမိဘနှင့် ဆရာသမားများကို ရိုသေလေးစားရန်နှင့် နှုတ်အမူအရာနှင့် ကိုယ်အမူအရာ ယဉ်ကျေးစေရန် စာရိတ္တပညာက လေ့ကျင့်ပေးသည်။ ဤသည်မှာ လူ့အဖွဲ့အစည်းအတွင်း သဟဇာတဖြစ်စွာ နေထိုင်နိုင်ရန် အခြေခံကျသော လူမှုတန်ဖိုးများပင်ဖြစ်သည်။

> **ယနေ့ခေတ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများကို ရုပ်ပုံများ၊ ဇာတ်လမ်းတိုများနှင့် ဆွေးနွေးမှုများဖြင့် ပိုမိုစိတ်ဝင်စားစရာကောင်းအောင် ပြုလုပ်ထားသော်လည်း အချို့သောနယ်ပယ်များတွင် စိန်ခေါ်မှုများရှိနေပြီး အမှန်တကယ် ထိရောက်ရန်အတွက် "စာတွေ့မှ လက်တွေ့သို့" ကူးပြောင်းရန် လိုအပ်သည်။ စာသင်ခန်းအတွင်း သင်ယူထားသည်များကို လက်တွေ့ဘဝတွင် ကျင့်သုံးနိုင်စေရန်အတွက် ပတ်ဝန်းကျင်နှင့် ကျောင်းအသိုင်းအဝိုင်း၏ ပံ့ပိုးမှုမှာ အလွန်အရေးကြီး**

ကိုယ်ကျင့်တရားကောင်းမွန်စေရန် ကျောင်းသားလူငယ်များ၏ အကျင့်စာရိတ္တကို ငယ်စဉ်ကပင် ပုံဖော်ပေးခြင်းဖြင့် ရိုးသားမှု၊ ကိုယ်ချင်းစာတရားနှင့် တာဝန်ယူမှုရှိသော လူသားကောင်းများဖြစ်လာမည်ဖြစ်သည်။ လူမှုကျင့်ဝတ်နှင့် စည်းကမ်းများကိုလိုက်နာပြီး အများသူငါနှင့် ဆက်ဆံရာတွင် လိုက်နာရမည့် လူမှုကျင့်ဝတ်နှင့် စည်းကမ်းများကို သိရှိနားလည်ခြင်းဖြင့် သာယာငြိမ်းချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

### နိုင်ငံသားကောင်းတစ်ဦး၏ တာဝန်နှင့်ဝတ္တရား

မိမိ၏ ရပိုင်ခွင့်နှင့် လိုက်နာရမည့် တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်စေကာ ဥပဒေကို လေးစားလိုက်နာသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန် ရည်ရွယ်သည်။ ပြည်သူ့နီတိသင်ခန်းစာများသည် ကျောင်းသားများအား မိမိတို့၏ ရပိုင်ခွင့် (Rights) နှင့် လိုက်နာရမည့်တာဝန်များ (Responsibilities) ကို နားလည်စေသည်။ ဥပဒေကိုလေးစားခြင်း၊ အများပိုင်ပစ္စည်းကိုထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်ကိုချစ်မြတ်နိုးခြင်းစသည့် နိုင်ငံ့သားကောင်းကျင့်ဝတ်များကို သင်ကြားပေးခြင်းဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွက် အုတ်မြစ်ချပေးသည်။

တာဝန်သိနိုင်ငံသားများ ဖြစ်လာစေပြီး နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို နားလည်ကာ ဥပဒေကိုလေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးရမည် ဖြစ်သည်။

### ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်ရေး

တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများကို လေးစားတန်ဖိုးထားတတ်စေရန်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သော "ပြည်ထောင်စုစိတ်ဓာတ်" ကို မွေးမြူပေးသည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားပေါင်းစုံနေထိုင်သောနိုင်ငံတွင် အပြန်အလှန် လေးစားမှုသည် အလွန်အရေးကြီးသည်။ ကျောင်းသင်ခန်းစာများမှတစ်ဆင့် မတူကွဲပြားမှုများကို လက်ခံတတ်စေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲစေရန် သင်ကြားပေးခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေးအတွက် အသက်သွေးကြောဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ နေထိုင်သည့် မြန်မာနိုင်ငံတွင် အချင်းချင်း၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများကို အပြန်အလှန် လေးစားတန်ဖိုးထားတတ်စေမည်ဖြစ်သည်။

### လူမှုဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု

တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာနာစိတ်ရှိရန်၊ အဖွဲ့အစည်းနှင့် ပူးပေါင်းလုပ်ဆောင်တတ်ရန်နှင့် ပြဿနာများကို အပြုသဘောဆောင်သောနည်းလမ်းဖြင့် ဖြေရှင်းနိုင်သောအရည်အချင်းများကို လေ့ကျင့်ပေးသည်။ အဖွဲ့အစည်းနှင့် လုပ်ဆောင်တတ်ခြင်း၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိခြင်းနှင့် အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်တတ်ခြင်းတို့ကို လက်တွေ့သင်ခန်းစာများမှတစ်ဆင့် လေ့ကျင့်ပေးသည်။ ၎င်းသည် ကျောင်းသားများအား အတ္တနည်းပြီး အပြုသဘောဆောင်သော ခေါင်းဆောင်မှုအရည်အချင်းများကို ရရှိစေသည်။

ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းတတ်စေပြီး အယူအဆ မတူကွဲပြားမှုများကို အကြမ်းမဖက်ဘဲ စနစ်တကျ ဆွေးနွေးဖြေရှင်းတတ်သည့် အလေ့အထများ သင်ကြားပေးနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများကို ရုပ်ပုံများ၊ ဇာတ်လမ်းတိုများနှင့် ဆွေးနွေးမှုများဖြင့် ပိုမိုစိတ်ဝင်စားစရာကောင်းအောင် ပြုလုပ်ထားသော်လည်း အချို့သောနယ်ပယ်များတွင် စိန်ခေါ်မှုများရှိနေပြီး အမှန်တကယ်ထိရောက်ရန်အတွက် **"စာတွေ့မှ လက်တွေ့သို့"** ကူးပြောင်းရန်လိုအပ်သည်။ စာသင်ခန်းအတွင်း သင်ယူထားသည်များကို လက်တွေ့ဘဝတွင် ကျင့်သုံးနိုင်စေရန်အတွက် ပတ်ဝန်းကျင်နှင့် ကျောင်းအသိုင်းအဝိုင်း၏ပံ့ပိုးမှုမှာ အလွန်အရေးကြီးသည်။

ဆရာ၊ မိဘနှင့် ပတ်ဝန်းကျင်တို့က စံပြနမူနာပြသခြင်းဖြင့်သာ စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများသည် အောင်မြင်နိုင်မည်ဖြစ်သည်။ စာရိတ္တနှင့် ပြည်သူ့နီတိပညာရေးသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ကျောင်းသားလူငယ်များအား ပညာတတ်ရုံသာမက နှလုံးသားလှသော၊ တာဝန်ယူလိုစိတ်ရှိသော နိုင်ငံသားများဖြစ်လာရန်မှာ အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင် သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

**ကိုးကား –**

**နေ့စဉ်ထုတ်သတင်းစာများ**

Black, D. (2014). *The social structure of right and wrong.* New York:Academic Press.

Civic Education in Myanmar: Challenges and Opportunities – Tea Circle Oxford.

Ministry of Education. ပညာရေးဝန်ကြီးဌာန၊ **အခြေခံပညာသင်ရိုးညွှန်းတမ်းမူဘောင်။**

Myanmar Teacher Platform (MTP) – **စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရေး အရင်းအမြစ်များ။**

*Myanmar National Curriculum Framework* – Ministry of Education.

*The Philosophical Study of Moral–based Education in Myanmar* – MERAL.

*The Basic Education Law* – Myanmar Law Information System.

Wah, N. E, & Oo, K. Z. (2020). A Study of the Awareness and Attitude of the Primary Teachers Towards the new Primary Morals and Civics Curriculum Implementation. *Journal of Myanmar Academy, Arts and Sciences, Vol* XVIII, No.9C.

သန်းထွတ်၊ ဦး။ (၂၀၂၃)။ **အတိတ်ကို အတိတ်မှာပဲထားခဲ့ပါရစေ။** ရန်ကုန်မြို့၊ ရွှေဟသ်ာပုံနှိပ်တိုက်။

## အင်းစိန်မြို့နယ် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာ ဘိဝံသ၏ သက်တော် ၈၇ နှစ်ပြည့် မွေးနေ့ကုသိုလ်တော်မင်္ဂလာ အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော် ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရုသက်တော်ရှည် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ မထေရ်မြတ်၏ သက်တော် ၈၇ နှစ်ပြည့် မွေးနေ့ ကုသိုလ်တော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း ရွာမ ပရိယတ္တိစာသင်တိုက်ရှိ စိန်ရတုသာသနာ့ဝင် လေးထပ်ကျောင်းဆောင်တော်ကြီး၌ ကျင်းပရာ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ သီလခံယူ ဆောက်တည်ကြပြီး အင်းစိန်ရွာမ ဆရာတော်၏ သက်တော် ၈၇ နှစ်ပြည့် ဝိဇာတမင်္ဂလာသို့ အရှင်ဝရဇာလင်္ကာရာဘိဝံသက ရေးသားပူဇော်အပ်သော ဂုဏပူဇာတေးထပ်ကို တေးသံရှင် မေသဇင်က သီဆိုပူဇော်ကာ အလှူရှင်များက မွေးနေ့ရှင်ဆရာတော်နှင့် ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ အင်းစိန်ရွာမ ဆရာတော်ထံမှ ဩဝါဒတရား နာကြားသည်။



ယင်းနောက် မွေးနေ့ရှင်ဆရာတော်က စာသင်တိုက်ရှိ ရှင်သာမဏေများအား ပညာရည်ချွန် အထူးဆုများ ချီးမြှင့်ပြီး အင်းစိန်ရွာမ ဆရာတော်၏ သက်တော် ၈၇ နှစ်ပြည့် ဝိဇာတမင်္ဂလာသို့ အရှင်ဝရဇာလင်္ကာရာဘိဝံသက ရေးသားပူဇော်အပ်သော ၂၇-ပဒစီ အချီအချည်မင်္ဂလာရတုပိုဒ်စုံကို တေးသံရှင် မေသဇင်က သီဆိုပူဇော်သည်။

ဆက်လက်၍ ဧည့်ပရိသတ်များက မန္တလေးမဂုဏ်ရည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒထံမှ အနုမောဒနာတရား နာကြား၍ အင်းစိန်ရွာမ ဆရာတော်က မွေးနေ့နှင့် ဆက်စပ်သမ္ဗြပြခဲ့သော လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အင်းစိန်ရွာမဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ဇမ္ဗူသီရိမြို့နယ်၌ သတ္တမအကြိမ်မြောက် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲနှင့် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာသာသန ဥပတ္ထမ္ဘကအဖွဲ့က ကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲနှင့် သံဃာ့ဒါနဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ အခမ်းအနားကို သပြေကုန်းရပ်ကွက်ရှိ မစိုးရိမ်တိုက်သစ်၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည် ။

အဆိုပါအခမ်းအနားသို့ဩဝါဒါစရိယ ဆရာတော်ကြီး ခုနစ်ပါး၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ဆရာတော်နှစ်ပါး၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဂန္ထဝါစကစာချ ဆရာတော် အပါး ၂၀၊ ဓမ္မာစရိယသုံးကျမ်းပြီး သာသနဓဇဓမ္မာစရိယဘွဲ့ရ ၂၉ ပါး၊ နှစ်ကျမ်းအောင် ၂၅ ပါး၊ တစ်ကျမ်းအောင် ၂၂ ပါး၊ ပထမကြီးတန်းအောင် တစ်ပါး၊ ပထမလတ်တန်းအောင် ၁၁ ပါး၊ ပထမငယ်တန်းအောင် လေးပါးနှင့် အခြေပြုမူလတန်းအောင် ၁၁ ပါး စုစုပေါင်း ၁၃၂ ပါး ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အတွင်းရေးမှူး ဦးတိုးဝင်း၊ နေပြည်တော်တိုင်းသာသနာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ဥပတ္ထမ္ဘကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ပူဇော်ခဲ့ကြသည်။



အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နန်းဦးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥဇ္ဇောတအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ရွာတောကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရက သာရဏီယဩဝါဒကထာ မိန့်ကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး အလှူငွေပေးအပ်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ကျပ်သိန်း ၅၀ အလှူရှင်၊ ကျပ်သိန်း ၃၀ အလှူရှင်၊ ၂၅ သိန်းအလှူရှင်နှင့် ကျပ် ၁၀ သိန်းအလှူရှင်၊ ကျပ် ငါးသိန်း၊ ကျပ် သုံးသိန်း၊ ကျပ်နှစ်သိန်း၊ ကျပ် တစ်သိန်းအလှူရှင်များက အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့မဈေး၊ သပြေကုန်းဈေး၊ သပြေကုန်းရပ်ကွက်၊ ရွှေကြာပင်ရပ်ကွက်နှင့် အောင်ဇမ္ဗူရပ်ကွက်တို့မှ အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**

## ကံမမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

**ကံမ ဖေဖော်ဝါရီ ၁၆**

သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ကံမမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ကံမမြို့နယ် အုပ်ဖိုကျေးရွာ သရက်- ကံမလမ်းဘေးရှိ ထိပ်တန်းစက်သုံးဆီအရောင်းဆိုင်တွင် ကံမမြို့နယ်မီးသတ်ဦးစီးဌာနက စက်သုံးဆီဆိုင် မီးဘေးလုံခြုံရေးနှင့် လက်တွေ့ဇာတ်တိုက် မီးငြိမ်းသတ်နည်းများ လေ့ကျင့်ခြင်းနှင့် စက်သုံးဆီဆိုင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းအား ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးနှင့် အတူ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။



**အသိပညာပေးဆောင်ရွက်**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်က စက်သုံးဆီဆိုင် မီးဘေး ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း၊ ရှေးဦးမီးငြိမ်းသတ်ရေး မီးသတ်ဆေးဘူးများအသုံးပြုနည်း၊ ဆီမီးသတ်ပိုက် ကိုင်တွယ်အသုံးပြုနည်းများအား ရှင်းလင်းသရုပ်ပြသခဲ့ပြီး လက်တွေ့ကိုင်တွယ် မီးငြိမ်းသတ်ခြင်းများ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

## သီပေါမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်ရှိသမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ မြို့နယ်သမဝါယမ ဦးစီးဌာနရှိ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ အသင်းစု အမှုဆောင်များနှင့် တွေ့ဆုံခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။



ဆက်လက်၍ သီပေါမြို့နယ်ရှိ အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းနှင့် ဈေးချိုတော် ဈေးသမဝါယမ အသင်းလီမိတက်တို့မှ လုပ်ငန်းဆောင်ရွက်နေမှု များအား ကွင်းဆင်းကြည့်ရှုပြီး အသင်းမှ လိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရေးနှင့် အသင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမ အသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

■


# နိုင်ငံတော်ဩဝါဒါစရိယ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဘာသဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့ အမှတ်(၄) ရပ်ကွက် ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဩဘာသဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် ၁၀၄ နှစ်၊ သိက္ခာ ၈၄ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁ ရက် (၁၆-၂-၂၀၂၆)ရက် တနင်္လာနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၄)ရပ်ကွက် ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဩဘာသဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ ခမည်းတော် ဦးဘိုးချိန် + မယ်တော် ဒေါ်မယ်သင်တို့မှ ၁၂၈၄ ခုနှစ် ကဆုန်လဆန်း ၅ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်တွင် မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ ဆန်နီချောင် ဇယသိင်္ဂီကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြုလျက် အဘိုး ဦးဘိုးလှိုင်၊ အဖွား ဒေါ်ခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့တွင် ဆန်နီချောင် ဇယသိင်္ဂီကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြုလျက် အဘိုး ဦးဘိုးလှိုင်၊ အဖွား ဒေါ်ခင်နှင့် ဒေါ်သဲလှိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ ဇယသိင်္ဂီကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ ကျုံပျော်မြို့ ဝေဠုဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဗလ၊ ဘဒ္ဒန္တအတုလ၊ ဘဒ္ဒန္တကေတု၊ ဘဒ္ဒန္တဝိနာယက၊ ညောင်တုန်းမြို့၊ ဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တကုသလ၊ ပုပ္ပါးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝံသိက၊ ထုံးဘိုကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿန၊ သပြုကျေးရွာ ကျောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသ၊ မန္တလေးမြို့ ထီးလင်းတိုက် ဇောတိကာရုံအုဋ်ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဝေယံဘုံသာတိုက် အောင်နန်းဆရာတော် ဘဒ္ဒန္တကလျာဏ၊ ဘုရားကြီး တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တနာရဒ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသန ဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဘိဝံသ သုဓမ္မာ ပရိယတ္တိဓမ္မာစရိယ" ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မြို့နယ်အတွင်း အသိလိမ္မာ ဘာသာရေးတရား အရေးထားလေးစားစေရန် အတွက် ဘာသာစာရိတ္တသင်တန်း၊ မင်္ဂလာသင်တန်း၊ အဘိဓမ္မာသင်တန်း၊ ဓမ္မစကြာသင်တန်းများကို အခါတော်နေ့များတွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်း၊ ပရိယတ္တိသာသနာတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန် စာမေးပွဲအသင်းကြီးတွင် မဟာနာယက၊ ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ နဂါးနီရှင်သာမဏေ စာမေးပွဲတွင် ဝန်ဆောင်နာယက၊ မဟာနာယက၊ ၁၃၁၉ ခုနှစ်မှ ၁၃၄၂ ခုနှစ်အထိ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သုဓမ္မာနိကာယပါဠိဘာဏကအဖွဲ့၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ ၁၃၄၂ ခုနှစ်၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရွေးချယ်ပွဲမှအစပြု၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၆၆ ခုနှစ်မှ ၁၃၇၂ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်တာဝန်များကို ထမ်းဆောင်တော်မူခဲ့ခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ အဖွဲ့အကျိုးတော်ဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲတို့ကို ပြင်ဆင်တည်းဖြတ်ပြုပြင်ရေးတာဝန်များ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပရိယတ္တိမာမကဂုဏ်၊ သာသနစရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၄ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၄ နှစ်၊ သိက္ခာ ၈၄ ဝါအရ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ (၁၆-၂-၂၀၂၆)ရက်၊ တနင်္လာနေ့၊ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

# မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်း ဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး၏ တောင်ခြေရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။



### ဆက်ကပ်လှူဒါန်း

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြပြီး သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ဆရာတော်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်တကွ ဆရာတော် အရှင်သူမြတ် ၂၁၆ ပါးအား ဆွမ်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်ကြပြီး ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးအား ပြည်သူများ အရိပ်အာဝါသအောက်တွင် အေးချမ်းစွာ ဖူးမြော်နိုင်ရန် တောင်ဘက် အာရုံခံတန်ဆောင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ကျင်းပရာ မင်္ဂလာဘိသေက ပညာရှင်က ဗုဒ္ဓါဘိသေကမင်္ဂလာ ဩဘာစာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် သဲဖြူနှင့်မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်၊ မြတ်မော်တင် ကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်တို့က ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်အမှူးပြုသော ဆရာတော် အရှင်သူမြတ်များက မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာဆင်ယင်ကျင်းပသည်။

ထို့နောက် သဲဖြူနှင့်မဟာမြိုင်တောရဓမ္မရိပ်သာ ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာ ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြသည်။ ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြတ်မော်တင် စေတီတော် ကုန်းမြေအောက်ခြေအား ပင်လယ်ရေလှိုင်းရိုက်ခတ်မှုမှ ကာကွယ်ရန် ဆောင်ရွက်ထားသည့် ကျောက်စီလှိုင်းကာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြတ်မော်တင် စေတီတော် ရင်ပြင်တော်၌ ကျင်းပသော သဲဖြူနှင့်မဟာမြိုင်တောရဓမ္မရိပ်သာ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ပရိတ်တရားတော်နာယူပွဲနှင့် မြတ်မော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဘုရားဖူးလာပြည်သူများအား စတုဒိသာ ကျွေးမွေး လှူဒါန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်စပွန်ဆာများ စာချုပ် ချုပ်ဆိုပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများအား မွေးထုတ်ပေးနိုင်ရေး၊ ရှမ်းပြည်နယ်အတွင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘောလုံးပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တရားဝင်ဖွဲ့စည်းထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များထဲတွင် ပထမဦးဆုံး ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်စပွန်ဆာများ စာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ရတနာနန်းတော်ဟိုတယ်တွင် ကျင်းပသည်။



ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံအတွက် နံပါတ်တစ်အားကစားဖြစ်သည့် ဘောလုံးအားကစားအတွက် အဓိကတွန်းအားတစ်ခုဖြစ်စေသည့် အခမ်းအနားဖြစ်ပါကြောင်း ၊ ရှမ်းပြည်နယ်သည် ဘောလုံးရေခံမြေခံကောင်းမွန်ပြီး နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများစွာ ပေါ်ထွန်းခဲ့သည့် ပြည်နယ်ကြီးတစ်ခုဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့ကလည်း ပြည်နယ်ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် အားပေးပံ့ပိုးပေးလျက်ရှိကြောင်း၊ လက်ရှိရှမ်းပြည်နယ်ဘောလုံးအဖွဲ့ ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့သည်လည်း ဘောလုံးကိုအလွန်စိတ်အားထက်သန်ပြီး အမြဲတမ်းငွေကုန်ကြေးကျများစွာခံကာ အစွမ်းကုန်ကြိုးစားနေကြသည်ကိုတွေ့ရှိရကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် ဘဏ္ဍာရေးကဏ္ဍကို ဘောလုံးချစ်သည့်စိတ်ဖြင့် စေတနာထက်သန်စွာ ရန်ပုံငွေများ ပံ့ပိုးလှူဒါန်းပေးကြသည့် စပွန်ဆာကုမ္ပဏီများအားလုံးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အခက်အခဲများကြားမှ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေရသည့်အတွက် ယခုကဲ့သို့ ဘောလုံးအဖွဲ့ချုပ်အတွက် အလွန်အရေးပါသည့် အဓိကလိုအပ်ချက်ဖြစ်သည့် ရန်ပုံငွေများကို ယခုလို လာရောက်ပံ့ပိုးလှူဒါန်းပေးကြသည့်အတွက် တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် မိတ်ဖက်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခဲ့ကြကာ ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းသန့်(ပြန်/ဆက်)**

# ပေါင်းတည်ဒေသထွက်ပြောင်းဖူးများ ရောင်းအားသွက်



**ပေါင်းတည် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်-ပြည်သွား ကားလမ်းဘေးရှိပေါင်းတည်ပြောင်းဖူးမီးဖုတ်ဆိုင်တန်း တစ်လျှောက်တွင် ရုံးပိတ်ရက်ရှည် အားလပ်ရက်များအတွင်း ဘုရားဖူးအပန်းဖြေခရီးသွားယာဉ်များ ခေတ္တရပ်နားကာ ပြောင်းဖူးမီးဖုတ်ဝယ်ယူစားသုံးသူ၊ ပြောင်းဖူးစိမ်းဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**စည်ကားလျက်ရှိ**

ယခုရက်ပိုင်းတွင် ပုံမှန်သွားလာနေကျ ခရီးသည်များအပြင် ဘုရားဖူးနှင့် အပန်းဖြေခရီးထွက်သူများ ပါရှိလာကြောင်း၊ ပြောင်းဖူးမီးဖုတ်နံ့သင်းသင်း မီးခိုးတလူလူထွက်နေသည့် ဆိုင်တန်းများရှေ့တွင် ခရီးသည်တင်ယာဉ်များ ရပ်တန့်ကာ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ပြောင်းဖူးမီးဖုတ်များ ဝယ်ယူစားသုံးသူ၊ အိမ်ပြန်လက်ဆောင် ပြောင်းဖူးစိမ်းများ တစ်ပွေ့တစ်ပိုက် ဝယ်ယူသူ ခရီးသည်များဖြင့် စည်ကားလျက်ရှိကြောင်း၊ ထိုခရီးသွားများ ဝယ်ယူအားပေးမှုကြောင့် ယခုရက်ပိုင်းအတွင်း ပြောင်းဖူးဈေးတန်းမှ ဒေသထွက်ပြောင်းဖူးများ ပိုမိုရောင်းအားသွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-ပြည်ကားလမ်းနံဘေး ရွာတန်းတစ်လျှောက် တစ်မျှော်တစ်ခေါ် ရှည်လျားသည့် ထိုပြောင်းဖူးဆိုင်တန်းများတွင် ဒေသခံတောင်သူတို့၏ စိုက်ခင်းများမှ သုံးရာသီထွက်ရှိသည့် ပြောင်းဖူးများဖြင့် နေ့စဉ်ရောင်းဝယ်ဖောက်ကား စည်ကားလျက်ရှိရာ ဒေသခံတောင်သူများ၏ လူမှုစီးပွားအခြေအနေနှင့် ဒေသတွင်းစိုက်ပျိုးရေးကဏ္ဍအခြေအနေတို့မှာ တိုးတက်ဖွံ့ဖြိုးလျက်ရှိကြောင်း သိရသည်။

**ရွှေသား**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ပတ္တာနုမောဒန




ကျွန်တော်တို့ 'ပတ္တာနုမောဒန' ဟူသော ပုညကြိယ ဝတ္ထုအကြောင်း ဆက်လက်လေ့လာရန် အလှည့်ကျလာသည်။ ပုညကြိယဝတ္ထုဟူသည် ကောင်းမှုကုသိုလ်အကျိုး၏ တည်ရာဖြစ်၍ ပြုသင့် ပြုထိုက်သော ကုသိုလ်များပင်မဟုတ်ပါလား။

စင်စစ် ပတ္တာနုမောဒနဟူသည် တစ်စုံတစ်ဦးက အမျှအတမ်းပေးဝေလိုက်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်ကြောင်း ကုသိုလ်စေတနာပင်ဖြစ်သည်။

ပတ္တာနုမောဒနာနှင့် စပ်ဆိုင်ရာ အဋ္ဌကထာ ဆရာကြီးတို့၏ အဖွင့်အပြကို အနှစ်ချုပ်လေ့လာဖို့ လိုသေးသည်။ သို့မှသာ သာခုခေါ်ရာ၌ ပီပီပြင်ပြင် ရှိလာနိုင်သည်။

အဋ္ဌကထာဆရာတို့က ပတ္တာနုမောဒနကို ပတ္တိ တစ်ပုဒ်၊ အနုမောဒနတစ်ပုဒ်ဟု နှစ်ပုဒ်ခွဲခြားပြီး အဓိပ္ပာယ်ဖွင့်ပြကြသည်။ ထိုတွင် အနုမောဒနာ ဟူသည် ဝမ်းမြောက်ခြင်းပင်ဖြစ်သည်။ ထိုဝမ်းမြောက်မှုသည် (၁) အမျှဝေသည်ကို သာခုခေါ်ဝမ်းမြောက်မှုနှင့် (၂) သူက အမျှမဝေပါဘဲ ကိုယ်က သူ့ကောင်းမှုကို သိရသဖြင့် မိမိဘာသာမိမိ သာခုခေါ်ဝမ်းမြောက်မှုဟု ဝမ်းမြောက်ခြင်းနှစ်မျိုးရှိသည်။

ထိုတွင် သူအမျှဝေသည်ကို ဝမ်းမြောက်မှုသည် "ပတ္တာနုမောဒနကုသိုလ်" ဖြစ်ပြီး အမျှမဝေဘဲလျက် ကိုယ့်ဘာသာကိုယ် ဝမ်းသာသာခုခေါ်မှုမျိုးကျတော့ ပတ္တာနုမောဒနကုသိုလ်မခေါ်ဘဲ 'အနုမောဒန'ဟု သာ ခေါ်ရပေသည်။

တစ်ဖန် ပတ္တိနှင့်စပ်၍လည်း နှစ်မျိုးဖွင့်ပြသည်။ ဤ၌ ပတ္တိဟူသည် ကုသိုလ်ရှင်က အမျှဝေလိုက်သော ကုသိုလ်ကို ခေါ်သည်။ ထိုသို့ဝေရာ၌ (၁) ကွယ်လွန်သူ ပြိတ္တာတစ်ဦးဦးကို တိုက်ရိုက်ရည်စူး၍ ပေးအပ်သော အဖို့ (ဥဒ္ဒိဿိကပတ္တိ) နှင့် (၂)ဘယ်သူ့ကိုမှမရည်စူးဘဲ သတ္တဝါအားလုံးကိုဝေသော ကုသိုလ်အဖို့ (အနုဒ္ဒိဿိကပတ္တိ)ဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးအနက် ရည်စူး၍ဝေရာ၌ ဆိုင်ရာပြိတ္တာက သာခုခေါ်ရလျှင် ဒိဋ္ဌဓမ္မအကျိုးခံစားရသည်။ ပြိတ္တာဘဝမှ လွတ်သည်။ ဝတ္ထုသာဓကအနေဖြင့် ပေတဝတ္ထုတွင် အများအပြား ရှိသည်။ ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ သတ္တဝါအားလုံး ကို ဝေရာ၌ သာခုခေါ် ဝမ်းမြောက်သော ပတ္တာ နုမောဒန ကုသိုလ်အတွက် ဒိဋ္ဌအကျိုးခံစားရသော သာဓကဝတ္ထု ကျမ်းဂန်များတွင်မရှိပေ။

သို့ပင် မရှိသော်လည်း ကုသိုလ်အကျိုးပေးများ ဆန်းကြယ်မှုကိုထောက်၍ ပစ္စုပ္ပန်ဘဝ၌လည်း ပတ္တာနုမောဒနကုသိုလ်ရှင်အတွက် အထောက်အကူ ပေးသွားမည်မှာ သေချာသည်။ အမျှမဝေဘဲ သာခု ခေါ်သော အနုမောဒနာကုသိုလ်သည်လည်း ထို့အတူ အကျိုးပေးနိုင်သည်။

ယခုခေတ် အချို့အမျှဝေရာ၌ "ကွယ်လွန်သူ ဘယ်သူဘယ်ဝါနှင့်တကွ သတ္တဝါအားလုံးအား အမျှ ပေးပါ၏" ဟု ပေးဝေတတ်ကြရာ "ဥဒ္ဒိဿိကပတ္တိ" ရော "အနုဒ္ဒိဿိကပတ္တိ"ပါ နှစ်မျိုးစလုံးပါသည်မို့ အဝေအငှကောင်းသည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ ပတ္တာနုမောဒနာအကြောင်းကို မှတ်သား ပြီး အကျိုးဖြစ်ထွန်းအောင် အသုံးချတတ်ဖို့လိုပေသည်။

# ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ၊ ကထိန်အစစ်

ကျွန်တော်တို့ ယခုအခါ ဓမ္မဿဝနနှင့် ဓမ္မ ဒေသနာဟူသော ပုညကြိယဝတ္ထုနှစ်ပါးကို ဆက်လက် လေ့လာထားကြရဦးမည်။

ထိုနှစ်ပါးအနက် ဓမ္မဿဝနဟူသည် "တရားနာ ခြင်း"ကို ခေါ်သည်။

ထို "တရားနာမှု" ကလည်း "တရားနာတိုင်း ပုညကြိယဝတ္ထုကုသိုလ်ကြီး"ကို ရသည်မဟုတ်ပေ။ လူသူအထင်ကြီးခံရအောင်၊ သူတော်ကောင်းကြီးဟု အခေါ်ခံရအောင်လို့၊ ဓမ္မကထိက အသံကောင်းလို့၊ ရယ်ရမောရလို့၊ ဓမ္မကထိကနှင့် ခင်လို့မင်လို့ စသည့် အကြောင်းမျိုးနှင့် တရားသွားနာက "ပုညကြိယ ကုသိုလ်"နှင့် အဝေးကြီးပင်ဖြစ်သည်။

အမှန်က (၁) မကြားဖူးသည့် တရားစကားကို ကြားရဖို့၊ (၂) ကိုယ်သိပြီးသားဖြစ်သည့်တိုင် ပိုပြီး ရှင်းရှင်းလင်းလင်းသိရဖို့၊ (၃) ကိုယ့်မှာ ယုံမှားသံသယ ဖြစ်စရာများရှိနေက ထိုယုံမှားသံသယ အချက် အလက်များ ကင်းရှင်းသွားဖို့၊ (၄) သမ္မာဒိဋ္ဌိ အယူမှန် ဖို့နှင့် (၅) ကိုယ့်မှာ စိတ်နှလုံးကြည်လင်ချမ်းမြေ့မှု ဟူသော အကျိုးတရား ငါးချက်ရအောင် သွားနာခြင်း မျိုးဖြစ်ပါက ပုညကြိယဝတ္ထု ကုသိုလ်မြောက်ပေသည်။

ထို့ပြင် ဋီကာဆရာက **"နိရဝဇ္ဇဝိဇ္ဇာဒိ သဝန စေတနာပိ ဧတ္ထေဝ သင်္ဂယှတိ"**ဟု ညွှန်ပြထားရာ အပြစ်ကင်းသော လက်မှုပညာ၊ နှုတ်မှုပညာများ သင်ယူမှု၊ အသိဉာဏ်တိုးရာတိုးကြောင်း စာပေများကို လေ့လာဖတ်ရှုနေမှု စသည်များလည်း ဓမ္မဿဝန ကုသိုလ်ပင်ဖြစ်ပေသည်ဟု မှတ်ယူရမည်။

ထို့အတူ ဓမ္မဒေသနာဟူသော ပုညကြိယဝတ္ထု ကလည်း စိတ်နှလုံးဖြူဖြူစင်စင်နှင့် ဟောပြောပါမှ ပုညကြိယဝတ္ထုကုသိုလ်မျိုး ဖြစ်လေသည်။

ထိုသို့မဟုတ်ပါဘဲ ပစ္စည်းဥစ္စာဟူသော လာဘ၊ သူတကာ၏ အရိုအသေပြုမှုဟူသော သက္ကာရ၊ အခြွေအရံဟူသော ယသ၊ အကျော်အစော ဂုဏ်သတင်း ကြီးခြင်း၊ နာမည်ကြီးခြင်းဟူသော သိလောကစသော ရည်ရွယ်ချက်များနှင့် တရားဟောပြောမှုပြုလုပ်ပါက ပုညကြိယဝတ္ထုကုသိုလ်နှင့် ဝေလာဝေးဖြစ်ချေမည်။

ဤနေရာ၌လည်း **"နိရဝဇ္ဇ ဝိဇ္ဇာဒိ သဝန စေတနာပိဧတ္ထေဝ သင်္ဂယှတိ"** အပြစ်ကင်းသော လက်မှု၊ နှုတ်မှု အတတ်ပညာစသည်ကို သင်ပြပေး သော စေတနာကိုလည်း ဤဓမ္မဒေသနာ တရား ဟောမှု၌ သွင်းယူရမည်ဟု မိန့်ထားလေသည်။ သို့ဖြင့် ယခုအခါ ကြီးသူက ငယ်သူကို အပြစ်ကင်းသော ဆုံးမသွန်သင်မှု၊ စာပေသင်ပြပေးမှု၊ တရားစာအုပ် များဖတ်ပေးမှု စသည်တို့ကို ပြုပါကလည်း ဓမ္မဒေသနာ ကုသိုလ်ပင်ဖြစ်လေသည်။

ထို့ကြောင့် ဤတရားနာ၊ တရားဟောဟူသော ပုညကြိယဝတ္ထုနှစ်မျိုးကိုလည်း မိမိသန္တာန်မှာ ပုည ကြိယကုသိုလ်များ စဉ်ဆက်မပြတ် ဖြစ်နေရအောင် ကြံ့ရင်ကြံ့သလို ဆည်းပူးသင့်ပေသည်။

## ဒိဋ္ဌိဇုကမ္မ

ကျွန်တော်တို့ ပုညကြိယဝတ္ထု ဆယ်ပါးကို တစ်ပါးချင်းစီချုပ်၍ လေ့လာခဲ့သည်မှာ ကိုးပါးပြီး သွားပေပြီ။ အခုတစ်ခါ လေ့လာရဦးမှာက "ဒိဋ္ဌိဇုကမ္မ" ဟူသော နောက်ဆုံး ပုညကြိယ ဝတ္ထုအကြောင်းပင် ဖြစ်သည်။

"ဒိဋ္ဌိဇုကမ္မ" ဟူသည် ဒါနအကျိုးရှိသည်။ ဤလောက တမလွန်လောကရှိသည်။ မိဘကို ကျေးဇူး ဆပ်ရာ၌ ကိုယ့်မှာ အကျိုးကျေးဇူး ပြန်လည်ခံစားရ သည်။ ကောင်းကံ၊ မကောင်းကံတို့၏ အကျိုးရှိသည်။ ဈာန်အဘိညာဉ်ရ သမဏ ဗြာဟ္မဏများရှိသည်။ ရဟန္တာပုဂ္ဂိုလ်များရှိသည်" စသည်ဖြင့် မိမိ၏အယူ သို့မဟုတ် အသိဉာဏ်ကို ဖြောင့်မတ်စွာပြုခြင်းပင် ဖြစ်သည်။

အမှန်က အယူ သို့မဟုတ် အသိဉာဏ်မှန်နေပါက ဒိဋ္ဌိဇုကမ္မ ပုညကြိယဝတ္ထု မိမိတို့သန္တာန်မှာ တည်ကိန်း နေမည်ဖြစ်သည်။

ဥပမာ–သတ္တဝါတို့ တစ်ဦးနှင့်တစ်ဦး ကွာဟချက် များ ရှိနေကြသည်။ ချမ်းသာဆင်းရဲ ကွာဟသည်။ အဆင်းလှမလှ ကွာဟသည်။ အသံကောင်းမကောင်း ကွာဟသည်။ ဤသို့ စသည်ဖြင့် ကွာဟချက်ဖြစ်နေ ခြင်းသည် ဘာကြောင့် ညာကြောင့်မဟုတ်။ ပြုခဲ့သော ကံကြောင့်ဟု သိမြင်လျှင် ထိုအယူ၊ ထိုအသိဉာဏ်မျိုး သည် ဒိဋ္ဌိဇုကမ္မပင်ဖြစ်သည်။ အယူမှန်၊ အသိဉာဏ် မှန်ပင် ဖြစ်လေသည်။

အချုပ်မှတ်ရမှာက ကျွန်တော်တို့သန္တာန်၌ "ကမ္မဿကတာဉာဏ်" ရှိလျှင် ဒိဋ္ဌိဇုကမ္မ ပုညကြိယ ဝတ္ထုလည်း ဖြစ်ပြီးသားဖြစ်သည်။ ဝိပဿနာဉာဏ် ရှိနေမည်ဆိုပါက ပြောဖွယ်ပင်မလိုတော့ချေ။

ကမ္မဿကတာဉာဏ်ဟူသည်မှာလည်း "ကံ" သာလျှင် ဘဝခန္ဓာအစဉ်သို့ လိုက်ပါ၏။ ပစ္စည်းဥစ္စာ များက မိမိတို့နောက်သို့မလိုက်ပါ။ ကံသာ ကိုယ်ပိုင် ပစ္စည်းဖြစ်ပြီး ပစ္စည်းဥစ္စာဟူသမျှကား ကိုယ်ပိုင် မဟုတ်ဟု သိသော အသိဉာဏ်သည် ကမ္မဿကတာ ဉာဏ်ပင်ဖြစ်သည်။

ထိုဒိဋ္ဌိဇုကမ္မသည် ကျွန်တော်တို့အဖို့ ဒါန၊ သီလ စသည်ပြုရာ၌ အရေးကြီးသည်။ ဒိဋ္ဌိဇုကမ္မ ခေါ် သမ္မာဒိဋ္ဌိ ခေါ် ကမ္မဿကတာဉာဏ်ရှိနေပါမှ လုပ်သမျှ သော ကောင်းမှုများ၏ အကျိုးစီးပွားမှာ ဖွံ့ဖြိုး ထက်သန်ပေမည်။

ဥပမာ ဒါနပြုသည့်အခါ ဒါန၏အကျိုးကို သိရ မည်။ သီလဆောက်တည်ရာ၌လည်း သီလ၏ အကျိုးကို ယုံကြည်ထားရမည်။ ထိုယုံကြည်မှု ဖြစ်နေလျှင် ဒါနပြုခိုက်၊ သီလဆောက်တည်ခိုက်မှာ "ဒိဋ္ဌိဇုကမ္မ ပုညကြိယဝတ္ထု" ဖြစ်နေမည်ဖြစ်သည်။ ထိုဖြစ်ခိုက် စိတ်ကို တရားကိုယ်ကောက်က "မဟာ ကုသိုလ် ဉာဏသမ္ပယုတ်"ကို ကောက်ရပေသည်။ ကုသိုလ်မပြုခင်နှင့် ပြုပြီးအခါများ၌ကား မဟာ ကုသိုလ် ရှစ်ပါးစလုံး ကောက်ရပေသည်။

သို့ဖြင့် ကံနှင့် ကံ၏အကျိုးကို ခြွင်းချက်မရှိ ယုံကြည်လက်ခံသော ဤ "ဒိဋ္ဌိဇုကမ္မ ပုညကြိယဝတ္ထု" ကို ကျွန်တော်တို့သန္တာန်၌ အစဉ်တည်ကိန်းနေအောင် မျက်ခြည်မပြတ် သတိရှိနေရပေမည်။

## ကထိန်အစစ်

ကျွန်တော်တို့သည် ကထိန်အကြောင်းနှင့်စပ်၍ ကျွန်တော်တို့ ဒကာများဘက်က သိသင့်သည့်အချက် အလက်များကို လေ့လာထားနိုင်ရန် ဖော်ပြသွားပေ မည်။ ဗုဒ္ဓဘုရားရှင်သည် သာသနာ့ဝန်ထမ်းရဟန်းများ အတွက် သင်္ကန်းကိုးမျိုး သတ်မှတ်ပညတ်သွား လေသည်။ ထိုကိုးမျိုးကား–

**"သင်၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်၊ ပရိက်၊ နိသိဒ်၊ မိုး၊ အမာ"** ဟူ၍ဖြစ်သည်။ ထိုလင်္ကာအရ ၁။ သင်းပိုင်၊ ၂။ ကိုယ်ရုံကေသီ၊ ၃။ ဒုကုဋ် ခေါ် နှစ်ထပ်သင်္ကန်း၊ ၄။ အိပ်ရာခင်း၊ ၅။ မျက်နှာသုတ်ပဝါ၊ ၆။ ပရိက္ခာရ စောဠ၊ ၇။ နိသီဒိုင် ခေါ် နေကထိုင် (ထိုင်စရာအခင်း)၊ ၈။ မိုးရေခံသင်္ကန်းနှင့် ၉။ အနာလွှမ်းသင်္ကန်းတို့ဖြစ် သည်။ ထိုကိုးမျိုးအနက် ပရိက္ခာရစောဠဟူသည် ဖျင်စ၊ ပိတ်စ စသော အတိုအထွာလေးများကို စုပေါင်း၍ ပရိက္ခာရစောဠဟုခေါ်ခြင်းဖြစ်သည်။ ထိုသင်္ကန်း အတွက် အတိုင်းအတာလည်း ဝိနည်းကျမ်း၌ ပြထားသည်။

ထို့အတူ အနာလွှမ်းသင်္ကန်းမှာ ချက်အောက်နှင့် ပုဆစ်ဒူးဝန်း အထက်ဟူသော ကြားကာလ၌ သွေးစု နာလို၊ ဂရင်ဂျီနာလို ပြည်တရွှဲရွှဲစိုနေသောအနာများ ပေါက်သည့်အခါ ကိုယ်ဝတ်သင်္ကန်း ပြည်၊ သွေး စသည် မပေရအောင် ဝတ်ရသောသင်္ကန်းမျိုးဖြစ်သည်။ သင်္ကန်းအတွက်လည်း အတိုင်းအထွာ အတိအကျ ရှိသည်။ ကျန်သောသင်္ကန်းများမှာ ပေါ်လွင်ပြီ ဖြစ်သည်။

ထိုကိုးမျိုးအနက် ကိုယ်ရုံကေသီတစ်ထည်နှင့် ခါးဝတ်သင်းပိုင်တစ်ထည်ဟူသော နှစ်ထည်တွဲကို သင်္ကန်းတစ်စုံဟု ခေါ်သည်။ ဒွိစုံဟု၊ ဒွိစုံတစ်စုံဟုလည်း ခေါ်သည်။ "ဒွိစုံ" ဟူသည် ဘာကိုခေါ်မှန်းမသိ သေးသူများလည်း ရှိနေသေးသည်။ ထို့အတူ ၁။ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီးတစ်ထည်၊ ၂။ ကိုယ်ရုံ ကေသီသင်္ကန်းတစ်ထည်နှင့် ၃။ ခါးဝတ်သင်းပိုင် တစ်ထည်ဟူသော သင်္ကန်းသုံးထည်ပေါင်းကို သင်္ကန်းသုံးထည်၊ တိစီဝရိက်ဟု ခေါ်ကြောင်းကို လေ့လာထားရပေမည်။

ကျွန်တော်တို့အနေဖြင့် သံဃာတော်များ ကထိန် ခင်းနိုင်ရန် ကထိန်သင်္ကန်းလှူရာ၌ ထိုသင်္ကန်း သုံးထည်အနက် တစ်ထည်ထည်ကို ကထိန်လျှော သင်္ကန်းအဖြစ် လှူဒါန်းနိုင်သည်။ ကထိန်ခင်းရာ၌ သင်္ကန်းသုံးထည်စလုံးနှင့် မခင်းကောင်းချေ။ တစ်ထည် နှင့်သာ ခင်းရလေသည်။ ဥပမာ–ကထိန်သင်္ကန်းအဖြစ် နှစ်ထပ်သင်္ကန်းကြီးလှူက ထိုနှစ်ထပ်သင်္ကန်းကြီး နှင့်ခင်း၊ ထို့အတူ ကေသီလှူက ကေသီနှင့်ခင်း၊ အနည်းဆုံး သင်းပိုင်လေးတစ်ထည်လှူလိုက်က ထိုသင်းပိုင်လေးနှင့်ပင် ကထိန်ခင်းရသည်။

ထို့ပြင် ယခုခေတ်လိုတတ်နိုင်၍ သင်္ကန်းသုံးထည် စလုံးကို လှူသော်လည်း သံဃာက နှစ်သက်ရာ တစ်ထည်ထည်နှင့်သာ ကထိန်ခင်းလေသည်။ ထိုသင်္ကန်းလှူရာ၌ အများသိပြီးအတိုင်း "ငါ့ဆရာ တော်၊ ငါ့ဘုန်းကြီး" စသည်ဖြင့် ပုဂ္ဂိုလ်စွဲဖြင့် မလှူ ကောင်းချေ။ လှူက ထိုကထိန်မအပ်။ နဂိုလှူစဉ်ကပင် သံဃာ့ဂုဏ်ကို အာရုံပြု၍ "သံဃာကို" ထိထိ ရောက်ရောက် စိတ်အာရုံရောက်ပြီး လှူမှသာ ကထိန်ကံ အထမြောက်သည်။ လှူပြန်တော့လည်း "ဤကထိန်လျှောသင်္ကန်းကို သံဃာအား လှူပါ၏။ ဤကထိန်သင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါ"ဟု နှုတ်မြွက်ဆိုလှူမှ အထမြောက်သည်။ ထို့ပြင် ထိုသင်္ကန်းသည် မိမိတို့ဘာသာ သဒ္ဓါပေါက်၍လှူမှ ကထိန်ကံ အထမြောက်သည်။ သံဃာတော်တစ်ပါးပါး က ကထိန်သင်္ကန်းလှူအောင် အရိပ်နိမိတ်ပြ၍ အလှူခံခြင်း၊ ပရိယာယ်သွယ်ဝိုက်၍ အလှူခံခြင်း၊ တိုက်ရိုက်နှုတ်မြွက်၍အလှူခံခြင်း စသည်မျိုးမဖြစ် စေရ။ ဖြစ်ချေက ထိုကထိန်တရားနှင့်မလျော်ဘဲ ခင်းသာခင်းသည် ကထိန်အစစ် မဟုတ်တော့ချေ။

သို့ဖြင့် သံဃာတော်များ ကထိန်ခင်းခြင်းနှင့်စပ်၍ ဘယ်လိုမှ ဝန်မတက်ရလေအောင် ဒကာဘက်က ဒကာ့တာဝန်အသိနှင့် ကထိန်အထမြောက်အောင် လှူနိုင်ဖို့လိုပေသည်။

# မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုးမှ ကောင်ရေ ၁၀၀၀၀ ကျော် ဝင်ရောက်ကျက်စားနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ၏ ပထမဆုံးရမ်ဆာရေဝပ်ဒေသ(Ramsar Site)ဖြစ်သော ပဲခူးတိုင်းဒေသကြီးရှိမိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုးမှ ကောင်ရေ ၁၀၀၀၀ ကျော် ဝင်ရောက်ကျက်စားနေကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ယမန်နှစ်ဆောင်းရာသီတွင် ဆောင်းခိုငှက်မျိုးစိတ် ၃၀ မှ ကောင်ရေ ၃၇၀၀ ကျော် ဝင်ရောက်ကျက်စားခဲ့ပြီး ယခုနှစ်ဆောင်းခိုငှက်မျိုးစိတ် တစ်မျိုးတိုးခဲ့ကာ ဆောင်းခိုငှက်နှင့် ဌာနေငှက်မျိုးစိတ် ၅၇ မျိုးတွင် ငှက်ကောင်ရေ ၂၂၀၀၀ ကျော် ဝင်ရောက်ကျက်စားနေခြင်းဖြစ်သည်။ ယခုနှစ်ဆောင်းခိုငှက်များတွင် ဘဲရစ်၊ ဘဲပြာကလေး၊ ခရုတုတ်၊ တောဝမ်းဘဲ၊ ဒေါင်းလန်းခြေထောက်၊ မြစ်တွေး၊ ခရုစုတ်ခေါင်းမဲနှင့် တလိုင်းကောင်းငှက် စသည့် ရေပျော်ငှက်မျိုးစိတ်များ အုပ်စုလိုက်အဖြစ် အများဆုံးကျက်စားလျက်ရှိကာ ပျံသန်းရောက်ရှိလာသည့် ဆောင်းခိုငှက်များသည် နှစ်စဉ် အောက်တိုဘာလနောက်ဆုံးပတ်၌ မိုးယွန်းကြီးအင်းသို့ ဝင်ရောက်လေ့ရှိ၍ ဧပြီလကုန်နှင့် မေလဆန်းပိုင်းတို့တွင် ပြန်လည်ထွက်ခွာလေ့ရှိသည်။



"မိုးယွန်းကြီးအင်းဘေးမဲ့တောဟာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ အကြီးဆုံးရေဝပ်ဒေသတစ်ခုဖြစ်တဲ့အတွက် ပတ်ဝန်းကျင်က ကျေးရွာများရဲ့ အသက်မွေးဝမ်းကျောင်းကိုလည်း ထောက်ပံ့ပေးနေပါတယ်။ ဆောင်းခိုရေပျော်ငှက်တွေ နှစ်စဉ်ဝင်ရောက်ကျက်စားပြီး နိုင်ငံတကာ ငှက်ပျံသန်းရာလမ်းကြောင်း မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့အတွက် မိုးယွန်းကြီးအင်း ရေရှည်တည်တံ့ပြီး ဂေဟစနစ်ကောင်းမွန်ဖို့အရေးကြီးပါတယ်။ မိုးယွန်းကြီးအင်းဟာ ရမ်ဆာရေဝပ်ဒေသတစ်ခုဖြစ်တဲ့အတွက် နိုင်ငံအတွက်လည်း ဂုဏ်ယူဖွယ် ဘေးမဲ့တောတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့ဆောင်းခိုရေပျော်ငှက်တွေ နှစ်စဉ်ဝင်ရောက်ကျက်စားဖို့အတွက် ဘေးမဲ့တောကြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးအောင် အဖွဲ့အစည်းအသီးသီး၊ ဆက်စပ်ဌာနများနဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်ထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ကြီး ပိုမိုရှင်သန်အားကောင်းလာစေမှာအမှန်ပါ" ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

ကမ္ဘာ့မြောက်ပိုင်းဒေသများတွင် ကျက်စားသော ငှက်မျိုးစိတ်များ ဆောင်းရာသီ၌ ဆီးနှင်းများ ထူထပ်စွာဖုံးလွှမ်းလာခြင်းတို့ကြောင့် အစာရရှိရန်ခက်ခဲခြင်း၊ နေ့တာတိုပြီး ညတာရှည်၍ နေရောင်ခြည်ရရှိမှု နည်းပါးခြင်း၊ အအေးဓာတ်လွန်ကဲခြင်းတို့ကြောင့် အစာရေစာပေါများရာ ရာသီဥတုပူနွေးသော ကမ္ဘာ့တောင်ပိုင်းဒေသများသို့ နှစ်စဉ်ပုံမှန် ပျံသန်းလေ့ရှိသည်။ အစာပေါများခြင်း၊ ကျက်စားမှီခိုရာကောင်းမွန်သော ဂေဟစနစ်ကောင်းမွန်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းတို့ကြောင့် မိုးယွန်းကြီးအင်းသို့ နှစ်စဉ် ဆောင်းခိုငှက်များ ဝင်ရောက်လေ့ရှိသည်။ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရမ်ဆာရေဝပ်ဒေသ(Ramsar Site) တစ်ခုဖြစ်ပြီး အရှေ့အာရှဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း မိတ်ဖက်အဖွဲ့အစည်း (East Asia Australasian Flyway Partnership –EAAFP)မှ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက် (Flyway Network Site)အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားသည်။

ကမ္ဘာပေါ်တွင် ဆောင်းခိုငှက်ပျံသန်းရာလမ်းကြောင်းကိုးကြောင်း ရှိရာ မြန်မာနိုင်ငံသို့ အာရှဗဟိုလမ်းကြောင်း(Central Asia Flyway ) နှင့် အရှေ့အာရှဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East Asia Australasian Flyway )နှစ်ခုတို့မှ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဝင်ရောက်ကျက်စားခြင်းဖြစ်သည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုးမှ ကောင်ရေ၁၀၀၀၀ ကျော်ဝင်ရောက်ကျက်စားရာတွင်မျိုးသုဉ်းရန်အန္တရာယ်ရှိသော ဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၁၁ မျိုးဖြစ်သည့် ကြိုးကြာ၊ ငှက်ကြီးဝန်ပို၊ ဥပန်း၊ ဘဲနီစပ်၊ ချဉ်ခင်စွပ်၊ မြစ်တွေး၊ ငှက်ကျား၊ ခရုစုတ်ခေါင်းမဲ၊ ဂေါ့ဒွစ်နှင့် ကုန်းငှက်များဖြစ်သည့် လင်းယုန်ကြီးနှင့် စာဘုန်းကြီး စသည့် ငှက်မျိုးစိတ်များလည်း ရှင်သန်ကျက်စားနေကြောင်း သိရသည်။

**သတင်း – ဥဿ၊ ဓာတ်ပုံ – မိုးယွန်းကြီးအင်း**

## လျှောင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေး စသည့်သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော လေးခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေအစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့်ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦးနှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင်ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၇။ ငလျင်လှုပ်ပြီးနောက်အောက်ပါတို့ကိုသတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကို အထူးသတိပြုပါ။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲမဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီးရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၉။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အင်ဒိုနီးရှားနိုင်ငံမှ ကျော်ကြားသည့် ဘာလီကျွန်းခရီးသွားလုပ်ငန်း

**စိုးသူရ**

အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွင်းတည်ရှိသည့် လှပသော ဘာလီကျွန်းကြောင့် ကမ္ဘာလှည့်ခရီးသွားများအလယ်တွင် ထင်ရှားသည်။ ဘာလီကျွန်းတွင် လေ့လာရန် ယဉ်ကျေးမှုအမွေအနှစ်များ အများအပြားရှိခြင်း၊ အခြေခံအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းမှု စနစ်ကျခြင်းနှင့် ဘေးကင်းလုံခြုံမှုရှိခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုများလာခြင်းဖြစ်သည်။

ဘာလီကျွန်းသည် ကမ္ဘာလှည့်ခရီးသွားများအတွက် ဘေးကင်းပြီး ဒေသခံများအတွက် ခရီးသွားလုပ်ငန်းဖြင့် လူမှုစီးပွားဘဝများမြှင့်တင်နိုင်သည့် ခရီးသွားလုပ်ငန်းမဟာဗျူဟာကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်တွင် ဘာလီကျွန်းသို့ ကမ္ဘာလှည့်ခရီးသွားအရေအတွက် ၁၆ ဒသမ ၄ သန်း ဝင်ရောက်ခဲ့သည်။

ဘာလီကျွန်းသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသွားများအတွက် ခရီးသွားလာရာတွင် ၎င်းတို့သုံးစွဲမည့် ငွေပမာဏ၊ လာရောက်လည်ပတ်မည့် အချိန်ကာလနှင့် သွားရောက်လည်ပတ်မည့်နေရာဒေသများကို စစ်ဆေးကြီးကြပ်မည့်အစီအမံတစ်ရပ်ကို ၂၀၂၆ ခုနှစ်မှစတင်၍ ဆောင်ရွက်မည်ဖြစ်သည်။

ဘာလီဒေသတွင် နိုင်ငံ၏ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသများစွာလည်းရှိရာ ယင်းနေရာများသို့ ခရီးသွားများ ဝင်ရောက်မှုများပြားလာသဖြင့် ခရီးသွားလုပ်ငန်းဝင်ငွေအများအပြားရရှိခဲ့သည်။



**အူဗတ်မြို့**

ဘာလီကျွန်းပေါ်ရှိ အူဗတ်မြို့သို့ လည်ပတ်ခြင်းမရှိပါက ဘာလီကျွန်းသို့ ခရီးထွက်ခြင်းသည် ပီပြင်မှုမရှိကြောင်းသိရပြီး ယင်းမြို့ရှိ လှပသည့် စပါးခင်းများ၊ စိမ်းလန်းစိုပြည်သည့် တောအုပ်များနှင့် ရင်သပ်ရှုမောဖွယ် ရေတံခွန်များကြောင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားခြင်းဖြစ်သည်။




**မျောက်ဘေးမဲ့တော**

Ubud Sacred Monkey Forest ဟု အမည်ရသည့် အမြီးရှည်မျောက်များရှိရာ သစ်တောသည် ဘာလီဒေသတွင် အရေးပါသောနေရာတစ်ခုဖြစ်ပြီး ဘာလီကျွန်းရှိ အူဗတ်မြို့လယ်တွင်တည်ရှိကာ အဆိုပါဘေးမဲ့တောတွင် အမြီးရှည်မျောက် ၁၂၀၀ ကျော်ကို ထိန်းသိမ်းထားရှိသည်။ ကမ္ဘာတစ်ဝန်းမှ ပညာရှင်များသည် မျောက်များ၏နေထိုင်ကျက်စားမှုသဘာဝကို လေ့လာသုတေသနပြုလျက်ရှိသည်။

**နျူဆာပန်နီဒါကျွန်းသို့ သွားရောက်လည်ပတ်ခြင်း**

နျူဆာပန်နီဒါကျွန်းသည် ဘာလီကျွန်း၏ အရှေ့ဘက်ကမ်းရိုးတန်းတွင် တည်ရှိသည့် ရင်သပ်ရှုမောဖွယ်ကောင်းသော ကျွန်းတစ်ကျွန်းဖြစ်ပြီး လှပသည့်ကျောက်ဆောင်များရှိခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်ရာနေရာတစ်ခုဖြစ်သည်။

**ရေလှိုင်းစီးခြင်း**

ဘာလီကျွန်းတွင် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးနှစ်ခြိုက်သည့်ကစားနည်းမှာ လှိုင်းစီးခြင်းဖြစ်ပြီး ကန်ဂူ၊ ဆီမင်ယက်စ်နှင့် အူလူဝါတူ ကမ်းခြေများတွင် လှိုင်းစီးသူခရီးသွားများ အများအပြားရှိသည်။

ထို့ပြင် ဘာလီကျွန်းတွင် ပလတ်စတစ်အမှိုက်များကင်းစင်ရေးအတွက် တစ်ခါသုံးပလတ်စတစ်ထုတ်ကုန်များထုတ်လုပ်ရောင်းချခြင်းကို ပိတ်ပင်ထားသည်။

**အူဗတ်လက်မှုထုတ်ကုန်ဈေး**

အူဗတ်လက်မှုထုတ်ကုန်ဈေးသည် ဘာလီကျွန်းတွင် အမှတ်တရပစ္စည်းများဝယ်ယူရန် အကောင်းဆုံးနေရာဖြစ်ကာ လှပသည့် ငွေထည်လက်ဝတ်ရတနာများနှင့် ကမ်းခြေဝတ်အဝတ်အစားများကို ဝယ်ယူရရှိနိုင်သည်။ ဘာလီဒေသရှိ ကော်ဖီဆိုင်များတွင်သုံးစွဲသည့်လှပသော ပန်းကန်များကိုလည်း ယင်းနေရာတွင် ဝယ်ယူရရှိနိုင်သည်။

အူဗတ်မြို့သည် ယောဂလေ့ကျင့်ခန်းလေ့ကျင့်သူများအတွက် ဗဟိုချက်တစ်ခုဖြစ်ပြီး ယောဂလေ့ကျင့်ရေးစင်တာများ အများအပြားတည်ရှိသည်။ အသက်ရှည်ကျန်းမာလိုသူ ခရီးသွားများအတွက် ယောဂသင်တန်းများကို လေ့ကျင့်နိုင်သည်။

အူဗတ်မြို့သည် ဘာလီဒေသ၏ ကော်ဖီအများစုထွက်ရှိရာ ကုန်းမြင့်ဒေသ Kintamani မှ တစ်နာရီခန့်သာသွားရသဖြင့် ဒေသထွက် နာမည်ကြီး လူဝပ်ကော်ဖီထုတ်လုပ်ရာနေရာသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့လာနိုင်သည်။

အူဗတ်မြို့အနီးရှိ ကျေးလက်ရှုခင်းများကို အီလက်ထရောနစ်စက်ဘီးစီး၍ လေ့လာခြင်းသည်လည်း ကမ္ဘာလှည့်ခရီးသွားများအတွက် အပန်းဖြေနည်းတစ်ခုဖြစ်သည်။ ကျေးလက်ဒေသရှုခင်းများကို စက်ဘီးစီး၍လေ့လာခြင်းဖြင့် ဗဟုသုတများရရှိစေကြောင်း ကမ္ဘာလှည့်ခရီးသွားများက ဆိုသည်။

ဘာလီကျွန်းသည် ၎င်း၏ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားရာနေရာဒေသတစ်ခုဖြစ်ကြောင်း ကမ္ဘာလှည့်ခရီးသွားများ၏ ချီးကျူးဂုဏ်ပြုမှုများကိုလည်း အခိုင်အမာရရှိထားသည်။

ဘာလီကျွန်းသည် သဘာဝအလှတရားများဖြင့် ပြည့်နေသည့် နေရာဒေသတစ်ခုဖြစ်ရာ လာရောက်လည်ပတ်သူ ကမ္ဘာလှည့်ခရီးသွားများအတွက် လည်ပတ်ချင်စရာ အကောင်းဆုံးနေရာဒေသတစ်ခုအဖြစ် ထာဝရရပ်တည်နေမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။ ။

**ကိုးကား – Indonesia's Bali to enhance measures to promote quality tourism**

■

## တိုက်ကြီးမြို့နယ်၌ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်ပါ မီးသတိပေးဆိုင်းဘုတ် စိုက်ထူပွဲကျင်းပ

**တိုက်ကြီး ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၌ မီးသတ်ဦးစီးဌာန၏ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်း ဆောင်ပုဒ်နှင့်အညီ မီးဘေးအန္တရာယ် ဖြစ်ပွားပါက အရေးပေါ် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ အသိပေးဆိုင်းဘုတ် စိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီက တာခွကျေးရွာ ရန်ကုန်-ပြည်ကား လမ်းဘေး၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက သင့်ကြောင့် မီးမလောင်ပါစေနှင့်၊ အရေးပေါ် ဆက်သွယ်ရန် ဖုန်းနံပါတ် ၁၉၁ နှင့် တိုက်ကြီးမြို့နယ် မီးသတ်ဦးစီးမှူးရုံး၊ ဥက္ကံနယ်မြေ မီးသတ်စခန်း၊ အဖျောက်နယ်မြေ မီးသတ်စခန်း၊ ဥက္ကံအရန်မီးသတ်စခန်း၊ နိဗ္ဗာန်ချမ်းသာမင်္ဂလာအသင်းတို့၏ ဖုန်းနံပါတ်ပါ အသိပေးဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မြဝတီ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့တွင် ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော် ဦးဆောင်၍ အမှတ်(၂)ရပ်ကွက်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြသည်။



**ကွင်းဆင်းစစ်ဆေး**


ထိုသို့ဆောင်ရွက်ရာတွင် ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အမှတ်(၂)ရပ်ကွက်ရှိ မိဘပြည်သူများ နေထိုင်သည့် လိုင်းခန်းများနှင့် နေအိမ်များ၊ ဆိုင်ခန်းများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူး စနစ်တကျ ထားရှိမှု ရှိ/မရှိကို တစ်အိမ်တက်ဆင်း ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**




# နေ့စဉ်ဖတ်စရာ ဗုဒ္ဓဒေသနာ




ကျော်လှိုင် ဝိဇ္ဇာဂုဏ်ထူး မဟာဝိဇ္ဇာ(သက္ကတ) ရေးသားသည့် နေ့စဉ်ဖတ်စရာ ဗုဒ္ဓဒေသနာစာအုပ်ထွက်ရှိလာသည်။

အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ဗုဒ္ဓဝစနအမည်ရှိ စာအုပ်ကို နေ့စဉ်ဖတ်စရာ ဗုဒ္ဓဒေသနာဟု မြန်မာပြန်၍ စာအုပ်ထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်ကိုဗုဒ္ဓါနုဿတိဘာဝနာပွားလိုသူတို့အတွက် အထူးရည်ရွယ်၍ ပြုစုထားသည်။ စာအုပ်တွင် ပိဋကတ်သုံးပုံမှ သုတ္တန်ဒေသနာ ကောက်နုတ်ချက်များ၊ အဋ္ဌကထာကျမ်းများမှ ကောက်နုတ်ချက်များ ပါဝင်သည်။

ကောက်နုတ်ချက်များကို နေ့စဉ်နေ့တိုင်း တစ်နှစ်ပတ်လုံး ဖတ်နိုင်အောင် စီစဉ်ထားသည်။ ဗုဒ္ဓ၏ ဒေသနာကို ဖတ်စေလို၊ နာစေလို၊ ကျင့်စေလိုသည့် စေတနာဖြင့် စာတစ်ပိုဒ်ကို ဖတ်မိရုံဖြင့် မြတ်စွာဘုရား၏ တရားတော်ကား ဤသို့ပါလားဟု သိလျှင်သော်လည်းကောင်း၊ သဒ္ဓါတရားတိုးပွားလျှင်သော် လည်းကောင်း မိမိဘာသာပြန်ရကျိုးနပ်ပြီဟု စာရေးသူက ဆိုထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉-၇၉၈၁၈၉၁၄၈၊ ၀၉-၇၆၀၄၆၈၁၃၈၊ အမှတ် (၂၁၉) လမ်း ၄၀ (လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

# သိပ္ပံနည်းကျ သဘာဝ




စစ်ကြိုခေတ်နှင့် စစ်ပြီးခေတ်ကာလများတွင် ထူးချွန်ထင်ရှားသည့် သတင်းစာဆရာတစ်ဦးဖြစ်သူ ဂျာနယ်ကျော်တင့်ဆွေနှင့် သားဖြစ်သူ ဒေါက်တာသန်းဦး၊ ချွေးမဖြစ်သူ စာရေးဆရာမ မအူပင်-မရွှေသန်းတို့က မိသားစုကလောင်အမှတ်တရအဖြစ် မိမိတို့ရေးသားခဲ့သော ဆောင်းပါး၊ ဝတ္ထုတိုများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။

ရူပဗေဒနှင့် သတ္တဗေဒ ဆက်နွယ်မှု၊ သက်ရှိနှင့် သက်မဲ့လောကတို့ သဟဇာတဖြစ်ပုံတို့ကို ရှင်းလင်းထားသဖြင့် အဘိဓမ္မာကို သိပ္ပံနည်းကျ လေ့လာလိုသူများအတွက် အလေးအနက်ဖတ်ရှုသင့်သော ဆောင်းပါးများဖြစ်သည်။ သိပ္ပံသဘာဝအကြောင်းတရားဖြစ်စဉ်များ၊ အထူးသဖြင့် ဗုဒ္ဓအဘိဓမ္မာတရားတော်လာ အဘိဓမ္မတ္ထသင်္ဂဟ သဘောတရားတို့ကို သိပ္ပံရှုထောင့်၊ ခေတ်သစ်ရူပဗေဒ ပညာရပ်ရှုထောင့်တို့ဖြင့် ရှုမြင်တင်ပြထားသည်။ သိပ္ပံနည်းကျ သဘာဝစာအုပ်သည် သတင်းစာပညာ၊ သိပ္ပံပညာနှင့် သဘာဝတရားတို့၏ဗဟုသုတများကို ပေးစွမ်းနိုင်သည့် သုတ၊ ရသ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို အရှေ့အနောက်ပါရမီစာပေ၊ ဖုန်း ၀၉-၉၇၅၄၁၈၃၉၅၊ အမှတ် ၆၄၃/၆၄၄၊ မြတ်မွန်လမ်း ၃၆ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိသည်။

# စာပေဗိမာန်စာမူဆုရ ဇာတိမာန်စာဆို ပုဂ္ဂိုလ်ကျော်များစာအုပ် ထွက်ရှိ

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ နိုင်ငံရေးစာပေ ပထမဆုရရှိသည့် ကိုတိုး (ရန်ကင်း)၏ ‘ဇာတိမာန် စာဆို ပုဂ္ဂိုလ်ကျော်များ’ စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာပေဖြင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ရင်း၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်ထက်သန်ရေး စသည့် မွန်မြတ်သော စာပေစေတနာများကို အရင်းခံကာ နှလုံးသွေးဖြင့် ရေးသားခဲ့ကြသော ဇာတိမာန် စာဆိုတော် အကျော်အမော် ၃၂ ဦး၏ စာပေဂုဏ်ရည်ကို စုစည်းဖော်ပြထားရာ မှတ်သားဖွယ်ရာများ စုံလင်လှသည်။ အလောင်းမင်းတရားကြီးလက်ထက် “အနန္တသူရိယအမတ်ကြီး” မှစ၍ ကမ္ဘာ့ငြိမ်းချမ်းရေးဆုရ၊ အလင်္ကာကျော်စွာဘွဲ့ရ၊ အရှေ့ဘာလင် ဟမ်းဗတ်တက္ကသိုလ်မှ ပေးအပ်ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင် ပါရဂူ ပီအိပ်(ချ်)ဒီဘွဲ့ရ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအထိ ပါဝင်သည်။ ထိုနည်းတူ ဇာတိမာန် စာဆိုတော် တစ်ဦးချင်းစီ၏ ဘဝဖြစ်စဉ် အကျဉ်းများနှင့် ၎င်းတို့ ရေးသားပြုစုခဲ့ကြသော တေး၊ ကဗျာ၊ ရတု စသည့် စာစုစာရင်းများကိုလည်း ဖော်ပြထားပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၆၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာမ လွမ်းနိုနို (ဘော်မြေ) ၏ “မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာ မြေအောက်ကမ္ဘာနှင့် ဝတ္ထုတိုပေါင်းချုပ်” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ဝတ္ထုတို ၁၀ ပုဒ် ပါဝင်သည်။ “နာရီမှုတ်တော့ အလုပ်ခေါ်၊ လခထုတ်တော့ အပြုတ်ဆော်” ဟူသောဆောင်ပုဒ်နှင့်အညီ လခထုတ်တော့ ကြွေးရှင်များကို အကုန်အပ်ကြရသော မြေအောက်ကမ္ဘာထဲမှ မိုင်းလုပ်သားဝန်ထမ်းများ၏ ဘဝတူချင်းကူညီရိုင်းပင်း စောင့်ရှောက်ကြပုံများ၊ သွေးစည်းညီညွတ်ကြပုံများ၊ ချစ်သူရည်းစားကို ပြောင်းလဲအစားထိုး၍ရသော်လည်း မိဘနှင့်မိသားစုကိုမူ ပြောင်းလဲအစားထိုး၍မရသောကြောင့် အလှမ်းမခက်ပေမယ့် အနမ်းခက်သည့် ချစ်သူနှစ်ဦး၏ ရင်နင့်ကြေကွဲပုံ၊ ဖောက်ပြန်သောလင်ယောကျ်ားနှင့် ယောက္ခမတို့၏နှိပ်ကွပ်ချိုးနှိမ်မှုဒဏ်ကို ရင်သွေးငယ်နှစ်ဦးအတွက် ကြိတ်မှိတ်ခံစားနေခဲ့ရရှာသော မိခင်တစ်ဦး၏ အနှိုင်းမဲ့မေတ္တာ၊ ဇနီးမယားက လင်ယောကျ်ားနှင့် သားသမီးများ၏ စားဝတ်နေရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နေသော်ငြားလည်း ဖောက်ပြားသည့် ခင်ပွန်းက ရက်စက်ယုတ်မာလွန်းသောကြောင့် နာကြည်းခံပြင်းစွာ စွန့်ခွာသွားသည့် ဇနီးတစ်ဦး၏ ပြတ်သားသောစိတ်ဓာတ်၊ ဝေးလံခေါင်ပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နယ်စွန်နယ်ဖျားတွင် ပွဲတင်နေကြသောကြောင့် စုပေါင်းကလေး အရပ်ဇာတ်ကပြရင်းက စည်းလုံးညီညွတ်မှုကြောင့် အပျော်ရလဒ်ကိုရလာကြပုံ၊ ရုပ်ဝတ္ထုများ တိုးတက်လာချိန်တွင် ရိုးသားပွင့်လင်းမှုများ လျော့နည်းသွားကြပြီး လောဘ၊ ဒေါသ၊ မောဟများ ဖုံးလွှမ်းသွားကြပုံ၊ ရိုးရိုးအရိပ်သည် အလင်းရောင်ပျောက်ကွယ်သွားချိန်တွင် မရှိတော့ပေမယ့် အကုသိုလ်ဆိုသည့် အသံမဲ့အရိပ်သည် အကျိုးပေးချိန်တန်လျှင် အမြဲတမ်းရှိနေဆဲဖြစ်ကြောင်း ဘဝနှင့်ရင်းပြီးမှ သိရပုံ၊ မိဘနှင့် သားသမီးတို့ကြားဖြစ်လေ့ရှိသည့် မိသားစုပြဿနာများ စသည်ဖြင့် ရသသုတစုံလင်စွာဖြင့် စိတ်ဝင်စားဖွယ်ကောင်းစွာ ရေးဖွဲ့ထားသောကြောင့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# စာပေဗိမာန်စာမူဆုရ စာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်ညိုလွဲ့ (အညာမြေ)၏ “လောကဓံကြုံ မဖြုံစတမ်းပေါ့” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

“လူညို” ဟုခေါ်သည့် လူငယ်လေးတစ်ယောက်၏ဘဝတွင် ကြုံဆုံရသော လောကဓံအမျိုးမျိုးကို လူငယ့်အတွေး၊ လူငယ့်အမြင်၊ လူငယ့်ခံစားချက်တို့ဖြင့် ရိုးရိုးရှင်းရှင်းရေးဖွဲ့ထားသော ဝတ္ထုရှည်ဖြစ်သည်။ ကလေးငယ်ဘဝမှစ၍ သူငယ်တန်းမှ ဘွဲ့ရသည်အထိ သူရင်ဆိုင်ဖြတ်သန်းရသည့် အတွေ့အကြုံများသည် ဝမ်းသာကြည်နူးစရာထက် ဝမ်းနည်းကြေကွဲစရာကိစ္စရပ်က ပိုများနေသည်။ မိသားစုအတွင်း ငွေကြေးမပြည့်စုံမှု၊ ဖခင်၏သစ္စာမဲ့၍ အိမ်ထောင့်တာဝန် ပျက်ကွက်မှု၊ မိခင်၏ကျန်းမာရေး ချူချာမှု၊ အစ်ကို၏ မလိမ္မာမှုနှင့် အိမ်တွင်းရေး မသာယာမှုများသည် လူငယ်လေးတစ်ယောက်၏စိတ်ဓာတ်နှင့်ပညာရေးလမ်းကြောင်းအပေါ် ဆိုးကျိုးများစွာ သက်ရောက်နိုင်ကြောင်း မီးမောင်းထိုးပြထားသည်။

သို့သော် ဇာတ်ကောင် လူညိုသည် မည်သို့ပင် အဆိုးလောကဓံနှင့် ကြုံကြုံ လဲကျမသွားဘဲ အကောင်းဆုံးလမ်းကို ရွေးချယ်၍ ရှေ့ဆက်လျှောက်လှမ်းသွားကြောင်း ဇာတ်လမ်းဆင်ထားပုံက ဝတ္ထု၏အသက်ဖြစ်သည်။ ဤဝတ္ထုတွင် စာရေးဆရာက ဆုံးမစကားဝင်မပြောဘဲ လူငယ်များ သင်ခန်းစာယူစရာ၊ အတုယူစရာ၊ ဆင်ခြင်နိုင်စရာ အဖြစ်အပျက်နှင့် အကြောင်းရပ်များကိုသာ ပေါ်လွင်အောင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လူငယ်များ လက်ခံနိုင်သော အတွေးအခေါ် အယူအဆမျိုးပါသည့် လူငယ်ဝတ္ထုစစ်စစ်ဟု ဆိုရမည့်အပြင် စာဖတ်သူတို့အတွက် ခွန်အားဖြစ်စေသော စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ကလေးစာပေ၊ ဒုတိယဆုရ “ အင်ကြင်းမေ ” ရေးသားသည့် “စိတ်ကောင်းနှင့်ယှဉ်ရေးရှုနှင် နှင့် ကလေးဝတ္ထုတိုများ” စာအုပ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ် အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက် ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။ စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၅-ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၁၁၃၁၊ ခ)၊ မြေအကျယ်အဝန်း(အလျား၂၀ x အနံ၆၀) ပေရှိ (ပါမစ်မူရင်း)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့ မြေစာရင်းတွင် ဦးသန်းဇော်ဦး(ကွယ်လွန်) ဒေါ်ခိုင်မိုးစုဝင်း[၇/ဖမန(နိုင်)၀၆၃၆၇၈]အမည်ဖြင့် မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်အေးအေးအောင်[၈/သရန(နိုင်)၀၀၀၈၉၀]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနီလာထွန်း[၁၂/ဒဂမ(နိုင်)၀၁၉၄၈၃]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း ၀၉ -၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ရန်ကုန်မြို့၊ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(တာကြီး)မြေကွက်အမှတ်(၂၁၁)၊ဧရိယာ(၄၀'×၆၀')ရှိ နှစ်(၆၀)မြေငှါးဂရန်အမျိုးအစား ဒေါ်နန်းကျိန်စမ်း(၁၃/ကမန(နိုင်)၀၆၅၂၀၄)အမည်ပေါက်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင်တရားဝင်အမည်ပေါက်သူ ဒေါ်နန်းကျိန်ခမ်း ကိုယ်တိုင်က အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၅)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂၁/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 68(LPT) /MPE–TLN/ 2025–2026 | Iso Octane(Primary Reference Fuel) | 200 Liters |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၈-၂-၂၀၂၆ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါကို ၄-၃-၂၀၂၆ ရက်နေ့ (၁၁:၀၀) နာရီမှ (၁၂:၀၀)နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၉-၉၆၃၁၄၅၉၈၈၊ ၀၉-၄၂၀၂၄၁၄၅၃၊**
**၀၉-၄၀၁၅၄၆၇၇၀၊ ၀၉-၂၆၄၉၉၂၂၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က+ခ)၊ (က-၄)လမ်း၊ အမှတ်(၁၉/၂၀)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ပေါ်တွင် တည်ဆောက်ထားသော (၃)ခန်းတွဲ (၃)ထပ်တိုက်၏ မြေညီထပ် (အလယ်ခန်း)၊ အကျယ်အဝန်း (၁၃ ပေ x ၅၅ ပေ)ရှိသော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီး မီတာအပါအဝင် အခြားအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူဖြစ်သော ဒေါ်ခေါ်ရာဘန်ဘီ [၁၀/ခဆန(နိုင်)၀၇၀၈၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးခင်မောင်မြင့် [၇/ပမန(နိုင်)၀၀၈၃၂၀] က အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၅-၂-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် အခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LL.B, WIPO (Switzerland)] တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၉၆၇၆၈၃၂၀၄၊ ၀၉- ၄၅၀၂၇၉၄၆၈**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ ဗိုလ်စိန်မှန်(၁)လမ်း၊ မြေကွက်အမှတ်-၁၅၂(က)ဟု ခေါ်တွင်သော ဦးထွန်းအောင်[၁၂/လမန(နိုင်)၁၉၅၁၀၂] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် အမျိုးအစား အကျယ်အဝန်း(၂၅x၆၀)ပေရှိ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၁၀x၆၀)ပေမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးမြစိုး[၈/ဆပဝ(နိုင်)၀၅၆၈၀၄]ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းပြီး ယနေ့တိုင် လက်ရှိထား ပိုင်ဆိုင်ကြောင်း တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်းဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးအပ်ထားပြီးဖြစ်သောကြောင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်အမှတ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇေယျာလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၅၂၈၂၈၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာ၊ ကွင်းအမည်-လက်ခိုက်ကွင်း၊ အကွက်အမှတ်နှင့်အမည်(၂၉၇)၊ ဦးပိုင်အမှတ်(၃၁/၁)၊ မြေအကျယ်အဝန်းဧရိယာ(၇)ကေ၊ မြေအမျိုးအစား(လယ်)၊ ခွင့်ပြုစာအမှတ်-၄၈၅/လယ-၄(လယ်စီ-၂၀၁၅) လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင် **ဦးမြင့်နိုင် [၁၂/ကမန(နိုင်)၀၁၁၃၈၃]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ **(၁၄-၂-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူ လယ်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးသိန်းအေး[၁၄/ရကန(နိုင်)၀၄၈၀၁၉]**ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးသိန်းအေး**က ရောင်းဖိုးငွေအပြည့်အဝပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ နောက်နောင်တွင် အဆိုပါ လယ်မြေကွက်ကို ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်ရှိသူပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ **ဦးသိန်းအေး** တစ်ဦးတည်းသာလျှင်ဖြစ်ကြောင်း၊ ဤလယ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ သက်ဆိုင်ရာရုံးဌာနများတွင် အမည်ပြောင်းလျှောက်ထားခြင်း၊ ဘဏ်ချေးလျှောက်ထားခြင်း၊ လယ်ထဲတွင် ဝင်ရောက်လုပ်ကိုင်နေခြင်း၊ အစရှိသည်တို့ မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၅၄)၊ ပထမထပ်၊ ဥက္ကာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(ဏ/၁၄)၊ မိုးကောင်း(၁)လမ်း၊ အမှတ်(၁၉၄/က) ဦးမြင့်ဝေ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများ မှန်ကန်ပါကြောင်း ပိုင်ရေးဆိုင်ခွင့်ရှိ၍ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်ကိုင်ထန်[၁၂/ရပသ(နိုင်)၀၄၀၇၃၀]က ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိန်[၁၂/အစန(နိုင်)၁၂၅၉၃၈]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခဲ့ ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄၆)**
**အမှတ်-၂၁၆(ခ)၊ မန္တလေးလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၅၆၂၂၂၂၁၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပေါက်စေတီကျောင်းလမ်း၊ (၈)မိုင်၊ အမှတ်(စ/၁၀၈)၊ မြေကွက်အမှတ်(၂၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀- သမိုင်း)၊ ဧရိယာ(၀.၁၄၆)ကေရှိ ဒေါ်နှင်းဝါဝါ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နှင်းဝါဝါ (ဘ)ဦးပြည့်စုံ[၁၂/ကတတ(နိုင်)၀၂၃၂၄၁] ကိုင်ဆောင်သူမှ အခြားသူတစ်ပါးထံသို့ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ဆောင်ရွက်ထားခြင်းတို့ ကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံပြောကြား၍ မိမိသာလျှင် အကျိုးခံစားလျက်ရှိသည့်အတွက် ရောင်းချပိုင်ခွင့်ရှိကြောင်းပြောကြား၍ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ဟော်စုန်ရင်း[၁၃/ကလတ(နိုင်)၀၃၁၄၅၉]ထံသို့ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၄၈)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၂၅၄၄၁၆၄၆၀**

### ☆ အာဆီယံမှ

အုပ်ချုပ်သူ- ဒေါ်ရတနာဆုဇင်လင်း (YRG FC)၊ နည်းပြချုပ်-ဒေါ်ဝါဝါခိုင် (အား/ကာသိပ္ပံ)၊ လက်ထောက်နည်းပြ-ဦးအောင်အောင် (MIU FC)၊ ဦးဟိန်းမင်းစိုး (7 Brother FC)၊ ဂိုးနည်းပြ-ဦးထွန်းထွန်းလတ် (MIU FC)၊ အသင်းအတွင်းရေးမှူး- ဒေါ်သီတာကြည်၊ ဆရာဝန်-ဒေါက်တာယုနန္ဒာထွန်း၊ မီဒီယာအရာရှိ-ဦးညီညီမိုးအောင်၊ ကြံ့ခိုင်ရေးနည်းပြ-ဦးမျိုးသန့်ဟိန်း၊ ကစားသမားများအဖြစ် ဂိုးသမား-ချောစန္ဒီအောင် (Divine FC)၊ သိမ့်စန္ဒာစိုး၊ ဆုလှိုင်ဖြိုး (ရန်ကုန်စီးတီး)၊ ကစားသမား-ယမင်းလွင်၊ နန်းဆိုင်းဘရင်း (Divine FC)၊ ယွန်းမီမီလွင်၊ ဆုဝါလွင်၊ ယမင်းသန့်ဇင်၊ မေဇင်ဦး၊ ဇင်ငြိမ်းချစ်၊ အိအိကျော်၊ မေသက်ပိုင်၊ လွင်လွင်သက်၊ ခင်ဆုမြတ်၊ ဆက်နွယ်နီ၊ ထက်နှင်းထွေး (YRG FC) တို့ ပါဝင်ကြသည်။

၂၀၂၆ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ထိုင်းနိုင်ငံ နာခွန်ရတ်ချာစီမာမြို့၌ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) ၌ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အုပ်စု (B) ၌ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် သြစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် သြစတြေးလျအသင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

### ❂ ကျောဖုံးမှ

အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားသမိုင်းတစ်လျှောက် ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ အတွင်း သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးပရီမီယာလိဂ်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဝီဂန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ခြောက်နှစ်တာကာလအတွင်း အက်ဖ်အေဖလားပဥ္စမအဆင့်ကို ပထမဆုံးအကြိမ်တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဝီဂန်အသင်းကိုအနိုင်ရရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုဖလားလေးလုံးအထိရရှိနိုင်မယ့်မျှော်လင့်ချက် ရှင်သန်ခဲ့ပြီဖြစ်ပြီး ခြောက်နှစ်ကြာဖလားလက်မဲ့ဖြစ်မှုကိုလည်းအဆုံးသတ်နိုင်ဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လာမယ့်ပွဲစဉ်မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတဲ့ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဝီဂန်အသင်းကတော့ လူတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

### ☆ ပွင့်ဖြူမြို့နယ်မှ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းစပါး စိုက်ပျိုးဧက ၃၃၂၃၅ ဧကနှင့် နှမ်းနှမ်းစိုက်ပျိုးဧက ၃၃၇၃၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်း(အထွေထွေရောဂါကု၊ အထူးကု၊ ဆေးရုံ)များ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

"တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်"အား တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ(ဂ) အရ အတည်ပြုထုတ်ပြန်ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများအတွက် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းများအား လုပ်ငန်းစိစစ်ရေးအဖွဲ့မှစိစစ်ပြီး ဗဟိုကြီးကြပ်မှုကော်မတီမှ အတည်ပြု၍ ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

- (က) လျှောက်ထားသူ၏ ၆ လအတွင်း ရိုက်ကူးထားသော (၂ လက်မ x လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံ၊
- ( ခ ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့် အဆောက်အအုံနှင့် မြေနေရာ အခင်းအကျင်း အတိုင်းအတာ၊ အကျယ်အဝန်း
- ( ဂ ) အဆောက်အအုံရှေ့နံဘေးနှင့်အတွင်းခန်းအားလုံး၏ရောင်စုံဓာတ်ပုံ၊
- (ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊
- ( င ) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊
- ( စ ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လုပ်ငန်းအမျိုးအစားအလိုက် တောင်းခံသည့် အခြားစာရွက်စာတမ်းအထောက်အထားများ၊
- (ဆ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခွင့်ပြုလက်မှတ်မရှိဘဲ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့(၁၅-၂-၂၀၂၆) ရက်နေ့ နောက်ဆုံးထားပြီးလျှောက်ထားကြပါရန်နှင့် ခွင့်ပြုလက်မှတ်လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်ထားသည်ကို စစ်ဆေးတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ အပိုဒ်(ခ) အရ တရားစွဲဆို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်သည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ (၈)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ မြေကွက်အမှတ် (၂၉၄/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးသောင်းညွန့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်း [၁၂/လမန(နိုင်)၀၅၇၂၄၃]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စုစုမော် [၇/မလန(နိုင်)၀၇၀၁၉၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုမော်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဝေဝေအောင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၂၅၀)**

**ဒေါ်သိမ့်သန္တာအောင်(LL.B)** — **အထက်တန်းရှေ့နေ(စဥ်-၄၈၂၂၉)**

**ဒေါ်ယမင်းဖြူဖြူသိန်း LL.B (Q)** — **အထက်တန်းရှေ့နေ(စဥ်-၅၇၀၅၃)**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အနံ့ဇုန်၊ မြေကွက်အမှတ်(၂၄၅)၊ မြေအကျယ်အဝန်း(၆၁ပေx ၈၀ ပေ)၊ ဒေါ်နီနီဦး [၁၂/တမန(နိုင်)၀၁၄၆၆၅] အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးချိုခင် [၁၂/ဒဂဆ(ပြု)၀၀၀၀၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနီရမာလ်(ခ)မောင်လှ [၇/ကတခ(နိုင်)၁၇၂၉၇၀]က ဝယ်ယူရန်အတွက် (၁၅-၂-၂၀၂၆) ရက်နေ့တွင် နှစ်ဦးသဘောတူ "မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနီရမာလ်(ခ)မောင်လှ၏ လွှဲအပ်ချက်အရ -**

**ဦးအောင်ဖြိုးလတ် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၂၀၀၅)**

**အမှတ် (၈၆)၊ ဒုတိယထပ်၊ ၄၉-လမ်း (အလယ်)၊ ၁-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၇၇၀၀၅၂၁၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ(၁၂)လမ်း၊ မြေကွက်အမှတ် (၂၂၅)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ပေါ်တွင် တည်ဆောက်ထားသည့် (၆)ထပ်တိုက်၏ ပဥ္စမထပ်(ခြေရင်း)အခြမ်း၊ အကျယ်အဝန်း (၁၈ ပေx ၅၄ ပေ) ရှိ ရေ/မီး အပြည့်အစုံပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ခင်ထွေး [၁၂/ဥကမ(နိုင်)၂၁၁၇၉၀] မှ** တရားဝင်လက်ရှိထားပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလာသဖြင့် ၎င်း၏ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် **ဦးမျိုးဇော်အောင် [၁၂/ရကန(နိုင်)၀၈၆၅၇၀]**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိပြီး သက်ဆိုင်ကန့်ကွက်လိုသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဟန်သူဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၇၇၂၀)**

**အမှတ် (၂၇)၊ ပထမထပ်၊ ဇေယျာသီရိလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၀၁၂၈၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၂- ရပ်ကွက်၊ သီရိ (၅)လမ်း၊ အမှတ် -၇၇(အေ) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃-ထပ်ခွဲ)ထပ်တိုက်၏ (ပထမထပ်)၊ ခေါင်းရင်းခန်း၊ အကျယ် (၁၅'x ၅၀') ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်တင်တင်ထွေး [၁၂/ပဘတ(နိုင်)၀၀၄၅၈၉]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၇၈)**

**ဦးဟန်လင်းအောင် (LL.B)** — **အထက်တန်းရှေ့နေ (စဥ် - ၅၆၆၆၈)**

**အမှတ်-၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း- ၀၉-၈၈၆၆၉၅၉၆၆၊ ဖုန်း-၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၉၇၂၁၂၈၂၁၅**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅-ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်-၇၁၁ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ် -၇၁၁၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် **ဒေါ်ယဉ်မြင့်သန်း** [၁၂/ကမတ(နိုင်) ၀၄၆၂၁၆]မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၇၈)**

**ဦးစိုးလှိုင်ဝင်း (LL.B)** — **အထက်တန်းရှေ့နေ (စဥ် - ၅၃၆၃၇)**

**အမှတ် -၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း- ၀၉- ၈၈၆၆၉၅၉၆၆၊ ဖုန်း-၀၉- ၄၂၄၁၆၈၉၈၉၊ ၀၉-၇၉၁၄၄၈၆၅၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၀-ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်-၅၄(ခ) ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၅၄(ခ)၊ ဧရိယာ (၀.၀၃၄၅)ဧက ၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် **ဦးကျော်လင်းထူး** [၁၂/စခန(နိုင်) ၀၅၇၀၀၇] မှ မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၇၈)**

**ဦးကျော်မင်းဦး ( LL.B )** — **အထက်တန်းရှေ့နေ ( စဥ် - ၅၀၆၆၉)**

**အမှတ် -၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ရန်ကုန်မြို့။**

**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆၊ ဖုန်း -၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၂၅၄၄၁၉၈၁၈**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မြတ်လေးရုံလမ်း၊ တိုက်အမှတ် (၁၄)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား၁၇ပေခွဲ x အနံ၅၃ ပေ)ရှိ နေအိမ်တိုက်ခန်းအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်သီရိထွန်း [၁၂/လမန(နိုင်)၁၂၆၈၈၄]က(၅-၈-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်ထက်ထက်အောင် [၁၂/အစန(နိုင်)၁၉၆၇၃၂]ထံမှ ဝယ်ယူလက်ရောက် ပိုင်ဆိုင်ထားပြီး တရားဝင် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်းဝန်ခံလျက် ပိုင်ဆိုင်စာရွက်စာတမ်းမူရင်းများနှင့်တကွ အခန်းအား တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နီဝင်း[၁၂/ဒဂတ(နိုင်)၀၃၄၈၆၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုသန္တာဝင်း (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၅၉၈)**

**အမှတ်-၁၇၈၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၀၃၁၁၅၀၊ ၀၉-၇၉၉၂၈၂၆၉၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆-လမ်း၊ အမှတ်(၂၈)၊ အခန်းအမှတ်(၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခယ်ရွှန်နီဆာ[၁၂/မဂတ(နိုင်)၀၁၅၉၆၁]၏ သမီးဖြစ်သူ မစန်းစန်းမြင့်(ဘ)ဦးMအီဆပ် [၁၂/မဂတ(နိုင်)၀၇၆၄၅၈] သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မစန်းစန်းမြင့်နှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်မာထွေး LL.B, D.B.L, D.M.L**

**အထက်တန်းရှေ့နေ(စဥ်-၅၂၅၇၉)**

**09-425293775**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(လုံးချင်း)၊ မြေကွက်အမှတ်-(၇၃/၂)၊ လူနေရပ်ကွက်-ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ကံ့ကော်လမ်း၊ အမှတ်(၁၅)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မြင့်မိုး [၁၂/ရကန(နိုင်) ၀၅၅၀၆၇]သည် ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးဇင် [၁၄/ဟသတ(နိုင်)၂၈၉၀၄၆]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား(မူရင်း) များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နေခြည်ဦး**

**LL.B, WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၃၂၃/၂၀၁၇)**

**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅-လမ်း(အောက်ဘလောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၄၂၀၁၀၇၅၁၁၊ ၀၉-၇၇၇၈၄၅၈၄၆**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

အစ္စလာမ်ဘာသာဝင်များဖြစ်ကြသော (ဘ) ဦးအဒူလာမိတ်၏သား ဦးစောမောင်(ခ)အဒူဆော်မတ် [၁၂/မဂတ(နိုင်)၁၁၇၄၁၁]နှင့် (ဘ)ဦးအူဇိရ်၏ သမီး ဒေါ်စုစု(ခ)ဝါဇီဖါခါတူ [၁၂/မဂတ(နိုင်)၁၁၇၄၅၆]တို့သည် အစ္စလာမ် ဘာသာထုံးတမ်းအရ ထိမ်းမြားလက်ထပ်ခဲ့ကြသော်လည်း ယခုအခါတွင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၈-၁၂-၂၀၂၅)နေ့တွင် ဦးစောမောင်မှသွလာက်ပေး၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲမှုအတည်ဖြစ်/မဖြစ် ဖသဝါဓမ္မသတ်ပြန်ကြားပေးပါရန် တင်ပြလျှောက်ထားခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၏ (၁၃-၂-၂၀၂၆) ရက်စွဲပါစာအမှတ်-၁၃၂/၂၆ ဓမ္မ/မလ၀-ဗဟ ၏ စာအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းမှုအထမြောက်ကြောင်း၊ အစ္စလာမ် တရားဥပဒေ၊ ဖသဝါဓမ္မသတ်ဆုံးဖြတ်ချက်ကို ပြန်ကြားပေးခဲ့ပါသည်။ ယင်းသို့အစ္စလာမ်ဓမ္မသတ်အရ တရားဝင်ကွာရှင်းပြီးဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စ အဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောမောင်(ခ)အဒူဆော်မတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**DAW NAING NAING HTUN**

**ADVOCATE No-18020(8-2-2022)**

**No.260,Khay Mar 2St.**

**Hta Wanbe Qutar:North Okka;apa**

**Ph: 09-763016001, 09-979303963**

## မြန်မာ့သဘာဝ ရော်ဘာရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်း (MSNRA) ၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့သဘာဝ ရော်ဘာရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း (MSNRA)၏ နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို အမှတ်(၂၉)၊ UMFCCI တာဝါ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၌ (၁၀-၃-၂၀၂၆)နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ တက်ရောက်ချီးမြှင့်ပေးကြပါရန်၊ သိရှိလိုသည်များနှင့် အကြံပြုလိုသည်များကို ကြိုတင်အကြောင်းကြားပြီး စာဖြင့်ရေးသား၍ အသင်းရုံးသို့ ပေးပို့ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သီရိနန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၆၊ မြေကွက်အမှတ်-၉၂၆၊ အကျယ် အဝန်း(၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်ကြီးအနက်မှ အကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိ ပါမစ်မြေနှင့် အဆောက်အဦကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက်ထားပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံ၍ရောင်းပိုင်ခွင့်ရှိသူ ဒေါ်လှစိန် [၁၃/နခတ(နိုင်)၀၇၇၉၃၀]က ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစွမ်းရည်[၁၀/မဒန(နိုင်)၀၆၂၂၁၄]သို့ အပြီးအပိုင် တရားဝင်လွှဲပြောင်းရောင်းချခဲ့ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ညွှန်ကြားချက်အရ**

**ဦးတင်လှိုင်ထွေး B.A(Law)LL.B** — **(စဥ်-၂၁၃၆/၈၁)**

**ဒေါ်ငုဝါဝင်း LL.B** — **(စဥ်-၁၅၇၉၈/၁၉)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅ လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-458588040**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက် U-9၊ ဝိဇယလမ်းသွယ်၊ အမှတ်(၄၂၂)၊ ဧရိယာ(၇၀x၈၀)ပေရှိ (ဦးစောနိုင်+ဒေါ်သန်းသန်းအေး) ဂရန်အမည်ပေါက်မြေကွက်အား ဒေါ်အေးဖြူမာ[၁၂/ဗတထ(နိုင်)၀၃၃၉၅၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်မင်း [၁၂/ဥကမ(နိုင်)၁၇၃၀၀၃]ကိုင်ဆောင်သူက (၄-၁-၂၀၁၂)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်အား လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိနေသူဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော မြေကွက်အတွင်းသို့ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကြေးမုံမြင့် LL.B**

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၇၆၆)**

**၀၉-၈၉၃-၅၃၄-၂၀၀**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ(၁)လမ်း၊ အမှတ်(၂၅)နေ ဒေါ်အေးမြငြိမ်း(ခ)ယွန်းအိန္ဒေ[၁၂/ဥကမ(နိုင်)၂၀၁၆၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြငြိမ်း(ခ)ယွန်းအိန္ဒေ[၁၂/ဥကမ(နိုင်)၂၀၁၆၄၉]နှင့် ဦးဖြိုးအာကာ [၇/မလန(နိုင်)၀၈၆၃၀၉] တို့သည် Y-Max College ကျောင်းကို ဖွင့်လှစ်တည်ထောင်ခဲ့ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြငြိမ်း(ခ)ယွန်းအိန္ဒေနှင့် ဦးဖြိုးအာကာတို့သည် အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် တရားဝင်ကွာရှင်းခြင်းမပြုရသေးသော်လည်း သီးခြားခွဲခွာနေထိုင်လျက်ရှိပါသည်။ ဦးဖြိုးအာကာသည် Y-Max College ကျောင်းတွင် ကျောင်း၏ မည်သည့်စီမံခန့်ခွဲမှု၊ ငွေကြေးနှင့်လုပ်ငန်းကိစ္စရပ်များတွင်မဆို ပါဝင်လုပ်ကိုင်ခြင်းမရှိတော့သည်မှာ (၁)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြငြိမ်း(ခ)ယွန်းအိန္ဒေသည် အဆိုပါကျောင်းအား ဆက်လက်ဖွင့်လှစ်နိုင်ရန်အတွက် ၎င်းတစ်ဦးတည်း ကြိုးပမ်း၍ ကျောင်းတွင်းရှိပစ္စည်းများအား ယနေ့တိုင် ပံ့ပိုးရပ်တည်ခဲ့ရပါသည်။ ထိုသို့သီးခြားခွဲခွာ နေထိုင်စဉ်အတွင်း ဦးဖြိုးအာကာ သည်(၁၃-၂-၂၀၂၆) ရက်နေ့တွင် အမှတ်(၃၄)၊ သီရိမင်္ဂလာ(၅)လမ်း၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်တွင်တည်ရှိသော Y-Max College ကျောင်းအတွင်းရှိ သင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းတွင်းရှိ အသုံးပြုနေသော စက်ပစ္စည်းများကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြငြိမ်း(ခ)ယွန်းအိန္ဒေအား အသိပေးခြင်းမရှိဘဲ ယူဆောင်သွားခဲ့သည့်အပြင် ကျောင်း၏ Facebook Page ရှိ ကြော်ငြာများကိုလည်း ဖျက်ဆီးမှုများပြုလုပ်နေကြောင်း အထောက်အထားများအရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ Y-Max College ကျောင်းနှင့်ပတ်သက်သော မည်သည့်ပစ္စည်း၊ ကိရိယာ၊ ပရိဘောဂများကိုမဆို ဦးဖြိုးအာကာထံမှ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းလက်ခံခြင်းများ လုံးဝမပြုလုပ်ကြပါရန် အသိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် ဖောက်ဖျက်ကျူးလွန်ပါက လက်ခံသူနှင့် ယူဆောင်သူ နှစ်ဦးစလုံးအား ဥပဒေအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်အေးမြငြိမ်း(ခ)ယွန်းအိန္ဒေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြတ်ပပခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၂၀၂၀၂)**

**ရုံးခန်း-အမှတ်(၂-ခ)၊ ဘုရင့်နောင်လမ်း၊ (၅/၅)ရပ်ကွက်၊**

**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၁၀၂၀၇၈၀**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တန်ဆောင်း ဒါယကာကြီး
## ဦးအောင်စိုး
### အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေး(အငြိမ်းစား)
### အသက်(၉၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖေါင်တော်သီမြို့နေ (ဦးစိန်ရွှေ-ဒေါ်နု)တို့၏ သား၊ ဦးစံညွန့်၊ ဦးမြသိန်းတို့၏ ညီ၊ ဒေါ်သိန်းကျင်၊ ဒေါ်သီတာ၊ ဒေါ်နှင်းတင်၊ ဦးအောင်ကြည်၊ ဦးသောင်းဒန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဦးစည်သူ-ဒေါ်ခိုင်ခိုင်တင်၊ ဦးနေလင်းအောင်၊ ဒေါ်ဒေဝီအောင်၊ ဒေါ်ကေခိုင်စိုး-ဦးကျော်မင်းစိုး တို့၏ ဖခင်၊ မစံထိပ်ထားလင်း-ကိုထက်ရဲဝင်း၊ မထက်နန္ဒာအောင်တို့၏ အဘိုးသည် ၁၆-၂-၂၀၂၆ ရက်(တနင်္လာနေ့) နံနက် ၆:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမဆောင်သစ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီး သန့်ဇင် (ငြိမ်း)
### OTS (25)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ (ဦးသန့်-ဒေါ်တင်တင်သန့်)တို့၏ သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးမောင်စိန်-ဒေါ်မမလေး)တို့၏ သားသမက်၊ ဗိုလ်မှူး သန့်ဇင်ဦး(ငြိမ်း)-ဒေါ်သိင်္ဂီလှ၊ ဗိုလ်မှူးသန့်ဇင်အောင်(ငြိမ်း)-ဒေါ်သဥ္ဇာကို၊ ဦးသန့်ဇင်ထွန်း-ဒေါ်အေမာမျိုးသိန်း၊ (ဦးကျော်နောင်ထွေး)-ဒေါ်သန့်ဇင်မွန်တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ် လေးယောက်တို့၏ ဘိုးဘိုးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ်(၁၇၇)၊ သံသုမာလမ်း၊ သုဝဏ္ဏနေ ဒေါ်ခင်သောင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၂-၂၀၂၆ (တနင်္လာနေ့) နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၆-၂-၂၀၂၆(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၂-၂-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်းမ၊ အမှတ်(၅၆၂/က)+(၅၆၂/ခ)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Mini Codo (၂)ခန်းတွဲ (၈)ထပ်ရင်ခွဲ (ဓာတ်လှေကားပါ) (ခေါင်းရင်းခြမ်း)၊ ပထမထပ်၊ (၂)လွှာ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း) အကျယ်အဝန်း (၁၇ပေ x ၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်နှင့်ကန်ထရိုက်တာတို့ သဘောတူ ကတိစာချုပ်အရ ကန်ထရိုက်တာ ခံစားပိုင်ခွင့်/ရရှိပိုင်ခွင့်ရှိသည့်တိုက်ခန်းကို ကန်ထရိုက်တာ ဦးကျော်နိုင်[၁၂/ဥကမ(နိုင်)၂၆၃၀၁၀]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ကြည်ကြည်မြ[၁၂/ဥကတ(နိုင်)၁၂၂၆၉၈]ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်မြက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** (စဉ်-၁၁၄၀၆)
တရားလွှတ်တော်ရှေ့နေ

**ဒေါ်စုစုလှိုင်(LL.B)** (စဉ်-၅၅၅၆၃)

**ဒေါ်ပန်းသဇင်ကျော်(LL.B)** (စဉ်-၅၆၈၂၃)

**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** (စဉ်-၅၆၆၆၂)

**ဒေါ်သက်ထားခိုင်(LL.B)** (စဉ်-၅၆၈၇၅)

**အထက်တန်းရှေ့နေများ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁အိုင်)၊ မြေကွက်အမှတ်(၂၈)ဟုခေါ်တွင်သော အမှတ်(၁၆)၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ ပထမထပ်၊ (၂)လွှာ(ခြေရင်းခြမ်း)၊ (တိုက်ကိုမျက်နှာမူလျှင်ညာဘက်ခြမ်း) အကျယ်အဝန်း (၁၅ပေx၅၈ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ဖူးငုံခင်[၁၂/တမန(နိုင်)၁၂၂၃၈၃]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ် ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** (စဉ်-၁၁၄၀၆)
တရားလွှတ်တော်ရှေ့နေ

**ဒေါ်စုစုလှိုင်(LL.B)** (စဉ်-၅၅၅၆၃)

**ဒေါ်ပန်းသဇင်ကျော်(LL.B)** (စဉ်-၅၆၈၂၃)

**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** (စဉ်-၅၆၆၆၂)

**ဒေါ်သက်ထားခိုင်(LL.B)** (စဉ်-၅၆၈၇၅)


**အထက်တန်းရှေ့နေများ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)
### OTS(25)
### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်နေ ချစ်သူငယ်ချင်း ဗိုလ်မှူး သန့်ဇင်ဦး(ငြိမ်း) + ဒေါ်သိင်္ဂီလှ တို့၏ ချစ်လှစွာသော မွေးသဖခင် ဗိုလ်မှူးကြီး သန့်ဇင်(ငြိမ်း) OTS(25) အသက် (၈၉)နှစ် သည် ၁၆-၂-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် ၅:၅၀ နာရီ၌ ၉၆ ပါး ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)
### OTS(25)
### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်နေ ချစ်သူငယ်ချင်း ဗိုလ်မှူး သန့်ဇင်အောင်(ငြိမ်း) - ဒေါ်သဥ္ဇာကို တို့၏ ချစ်လှစွာသောမွေးသဖခင် ဗိုလ်မှူးကြီး သန့်ဇင်(ငြိမ်း) OTS(25) အသက် (၈၉)နှစ် သည် ၁၆-၂-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (ကုန်းဘောင်အိမ်ရာ)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၇)၊ မြေကွက်အမှတ်(၁၆၂)၊ ဧရိယာ(၀.၁၄၅)ဧက၊ (၆၃၁၉)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁၇- ရပ်ကွက်၊ ကုန်းဘောင်အိမ်ရာ၊ အမှတ်(၁၆၂)ဟု ခေါ်တွင်သည့် မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ မြေကွက်ကိုတရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီလွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသူ ဒေါက်တာ စိုးရင်[၁၂/သဃက(နိုင်)၀၁၃၄၅၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက် ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**

**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09-5017044, 09-250674940**

---

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အကွက်အမှတ်-၄၄ ရွှေတောင်၊ ဦးပိုင်အမှတ် - ၂၁၀၊ အကျယ်အဝန်း(၀.၀၁၉)ဧကရှိ အငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈)၊ ရွှေတောင်လမ်း၊ ရွှေတောင်ရပ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးဝေယံထွန်း [၁၀/မလမ(နိုင်)၁၈၄၇၇၄]နှင့် ဒေါ်သန္တာအောင်[၃/ဘအန(နိုင်) ၁၆၆၈၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၉၈)**
**အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃ A+B)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၉၇၄**

---

## အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဇေယျာတိုးချဲ့ရပ်ကွက်၊ အမှတ်(၁၀၀၁)၊ ၈-လမ်းနေ ဦးမြင့်စိုး အမည်ပေါက်ပိုင် မြေကွက်အမှတ် (၁၁၆/ခ) (၆၀x၃၀)ပေကို ဒေါ်နုနုရီ[၁၂/သလန(နိုင်)၀၀၆၆၃၉]ထံမှ ဆက်စပ် စာချုပ်များ၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ဝေလွင်[၈/ဆပဝ(နိုင်)၀၇၅၈၁၈]က ဝယ်ယူလက်ရောက် ပိုင်ဆိုင် ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ဝေလွင်၏ ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃၇)**
**ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်-၀၉-၄၅၅၆၄၈၉၁**

---

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

---

## ဦးစိန်ဝင်း
### အသက်(၉၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မဲဇလီကုန်းမြို့နယ်၊ ဟသ်ာတခရိုင်နေ (ဦးမောင်မွန်း-ဒေါ်မြညွန့်)တို့၏ တစ်ဦးတည်းသောသား၊ ဦးစိုးသိန်း၊ (ဦးတိုးလွင်)၊ ဒေါ်စန်းညွန့်၊ ဒေါ်တင်လှ၊ ဒေါ်စန်းစန်းဝင်း၊ (ဦးညွန့်ထူး)၊ ဦးနေအောင်၊ ဦးထိုက်အောင်တို့၏ မွေးသဖခင်၊ မြေး ၁၅ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဒေါ်ခင်စု)၏ ခင်ပွန်းသည် ၁၅-၂-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၅:၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၆(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်၍ လိုက်ပါပို့ဆောင်ပါရန်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ ရေစက်သွန်းချ အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် အမှတ်(၂၈၁)၊ ပတ္တမြားလမ်း၊ ၂/၁တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံ၊ ထောက်ကြံ့ နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိပါကြောင်း

၁၀-၂-၂၀၂၆ ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီး ဦးမေတ္တာ(၉၀)နှစ်၊ (အငြိမ်းစား၊ ပါမောက္ခ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်/ရန်ကုန်တက္ကသိုလ်)အား နာမကျန်းဖြစ်စဉ် တစ်လျှောက်လုံး ကူညီပံ့ပိုးပေး ခဲ့ကြသော ဘူမိဗေဒကျောင်းသူ/ကျောင်းသားဟောင်းများ၊ ပြုစုစောင့်ရှောက်ကုသမှုပေးခဲ့ပါသော (S.S.C) ရွှေဂုံတိုင် အထူးကုဆေးရုံမှဆရာဝန်၊ ဆရာမများ၊ နာရေးကိစ္စအဝဝ၌ အဘက်ဘက်မှဝိုင်းဝန်းကူညီ ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ခရစ်ယာန်ဓမ္မမိတ်ဆွေ အပေါင်းတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်သန်း(မဝါ)
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း Royal Maylikha Condominium နေ (ဦးအောင်သန်း-ဒေါ်နီနီ)တို့၏ သမီး၊ (ဦးစိန်သင်း-ဒေါ်ကျင်ပို့)တို့၏ သမီးချွေးမ၊ (ဦးမြင့်စိုး)၏ ဇနီး၊ (ဦးအုန်းခင်-ဒေါ်ခင်အေးသန်း)၊ (ဦးကျော်သန်း)-ဒေါ်စိန်စိန်လှိုင်တို့၏ ညီမ၊ ဦးဇော်သန်း၊ ဒေါ်လှလှသန်း၊ ဒေါ်ကြည်ကြည်သန်း၊ ဦးချမ်းသာ-ဒေါ်ကြည်ကြည်ခိုင်တို့၏ အစ်မ၊ မောင်ဇင်မင်း-မစိုးနှင်းဖြူ၊ မစိုးသင်းကြူ၊ မောင်ရဲထွဋ်စိုး-မရွှေရည်ဇော်၊ မောင်စိုးကျော်နိုင်-မအေးမြစန္ဒာစိုးတို့၏ မွေးသမိခင်၊ မြေး(၅)ယောက်တို့၏ အဘွားသည် ၁၆-၂-၂၀၂၆(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၈-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီအချိန်တွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဗိုလ်လင်းယုန်လမ်း၊ မြေကွက်အမှတ်(၉၀၇)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးသန်းထွန်း (TZE 107741)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (၂၀x၆၀)ပေ မြေနှင့် နေအိမ်အပါအဝင် ယင်းမြေ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည် ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်အောင်[၁၂/မရက(နိုင်)၀၁၉၆၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၀၈)**
**လိပ်စာ-အမှတ်( ၇၆/က)၊ (၃)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၈၃၆၈၂၁၀**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၊ မြေကွက်အမှတ်-၄၈၃/ခ၊ အကျယ်အဝန်း(ပေ၂၀xပေ၆၀)ရှိ (အမှတ်-၄၈၃/ခ၊ မာဃ(၁၃)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်) မြေကွက်အား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဒေါ်ယုယုလတ် [၁၂/ ဥကတ(နိုင်) ၁၅၂၄၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထိုက်မာန်ဝင်း[၁၂/ဥကတ(နိုင်) ၁၇၁၄၇၄]နှင့် ဒေါ်ခိုင်ယဉ်မျိုး [၁/မကန(နိုင်)၁၃၆၂၄၃]က ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာ ပိုင်ရေးဆိုင်ခွင့် အရေးဆို အငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း၊ ကျွန်ုပ် ထံခိုင်လုံသော အထောက်အထား (မူရင်းများ)နှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်ဖြိုးသီ LL.B, D.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၉)**
**အမှတ်(၁၉၆)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၁၇၂၆၉၇၃**

❖ NCA ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။...

( ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်မှ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေများ စတင်ဖြန့်ဝေလျက်ရှိ

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစပြီး ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ပွင့်ဖြူမြို့နယ်အတွင်း တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ တောင်သူများ နွေသီးနှံစိုက်ပျိုးနိုင်ရေး ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးရေများဖြန့်ဝေရာတွင် စိုက်ပျိုးရေပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ရေမြိုတ်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မှုမဖြစ်စေရန်နှင့် နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေမျှတစွာရရှိရေးအတွက် ကြိုတင်၍ ရေလက်တံမြောင်းများကို ရှင်းလင်းထားရှိနိုင်ရေး တောင်သူများအား အသိပေးနှိုးဆော်ထားကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ☆



## အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ ကြိုတင်လေ့ကျင့်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ကစားသမား ၁၆ ဦး ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ၂၀၂၆ အာဆီယံ အမျိုးသမီးဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်ကာ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ကစားသမား ၁၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနည်းပြချုပ် ဒေါ်ဝါဝါခိုင်သည် ကစားသမား ၁၆ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး အပြီးသတ်ကစားသမား ၁၄ ဦးကို ပြိုင်ပွဲစတင်ခါနီး ရက်ပိုင်းအလိုတွင် ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ၌ တစ်ပတ်ဝန်းကျင် ကြိုတင်လေ့ကျင့်မည်ဖြစ်ပြီး ထိုင်းအမျိုးသမီးကလပ်များနှင့် ခြေစမ်းပွဲတစ်ပွဲ သို့မဟုတ် နှစ်ပွဲကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်-ဒေါ်ပို့ပို့ကြည် (MIU FC)၊

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ☆



## ပထမပိုင်းသွင်းဂိုးလေးဂိုးနဲ့ ဝီဂန်အသင်းကို အနိုင်ရပြီး အာဆင်နယ်အသင်း အက်ဖ်အေဖလားနောက်တစ်ဆင့်တက်လှမ်း



အာဆင်နယ်အသင်းနဲ့ ဝီဂန်အသင်းတို့ ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ အာဆင်နယ်အသင်းက ဝီဂန်အသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၁၁ မိနစ်မှာ မာဒူကီကတစ်ဂိုး၊ ၁၈ မိနစ်မှာ မာတင်နယ်လီကတစ်ဂိုး၊ ၂၃ မိနစ်မှာ ဝီဂန်ကစားသမား ဂျက်ဟွန့်ရဲ့ ကိုယ့်ဂိုးကို သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ ၂၇ မိနစ်မှာ ဂါဘရီယယ်ဂျီးဆပ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ✪

**ယနေ့ ဖတ်စရာ**


ရှန်ကျိ ၂၁ အာကာသယာဉ်မှ အာကာသယာဉ်မှူးများ အာကာသထဲတွင် တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပ
စာမျက်နှာ » ၁၃

မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုးမှ ကောင်ရေ ၁၀၀၀၀ ကျော် ဝင်ရောက်ကျက်စားနေ
စာမျက်နှာ » ၂၃